# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ သောကြာနေ့ | အတွဲ(၆၆)၊ အမှတ်(၀၀၂)


## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီးကျော်သူအား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁

အောက်တိုဘာ ၁ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသောအယ်လ်နီညို အခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။

မြန်မာ့အလင်း



## ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် (၂၅/၄-၂၆/၁) ကြားတွင် တောင်ပြိုလမ်းပိတ်နေရာကို လူအင်အား၊ စက်အင်အားဖြင့် ရှင်းလင်းဆောင်ရွက်ရာ ယာဉ်များဖြတ်သန်းသွားလာနိုင်

ဖလမ်း အောက်တိုဘာ ၁

ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင် (၂၅/၄-၂၆/၁) ကြားတွင် ယနေ့နံနက် ၇နာရီခန့်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ပြို၍လမ်းပိတ်ဆို့နေသည့်နေရာကို လမ်းကြောင်းအမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရေးနှင့် အများပြည်သူများ အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် လမ်းအထူးအဖွဲ့(၁၀)က လုံလောက်သောလူအင်အားနှင့် စက်အင်အားများဖြင့် ရှင်းလင်းဆောင်ရွက်ရာ *စာမျက်နှာ ၂ ကော်လံ ၃* ❒


**ယနေ့ ဖတ်စရာ**

ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော မြို့ပြများတည်ဆောက်ခြင်း — ဆောင်းပါး — စာ ၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ — လွှတ်တော်ရေးရာ — စာ ၈

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ — လွှတ်တော်ရေးရာ — စာ ၁၀


## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၁

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏ အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှု ဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများ *စာမျက်နှာ ၇ ကော်လံ ၁* ✻





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရဂုဏ်ပြုသောအားဖြင့် (၁)မိနစ်ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထမ်းဆောင်ခဲ့သည့် တာဝန်များကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့်အခမ်းအနားဖြစ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်သတ်မှတ်ရမည့် အခါသမယလည်းဖြစ်ကြောင်း။

**ပူးပေါင်းကာကွယ်တားဆီးဖြေရှင်း**

မိမိတို့နိုင်ငံအစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ခိုင်မာအောင် တည်ဆောက်နေကြောင်း၊ ထိုသို့နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင် ဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း အလေးထားပြီး ပူးပေါင်းကာကွယ် တားဆီးဖြေရှင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ Cyber Crime၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ရှုပ်ထွေးမှုများကို ထိရောက်စွာ ကာကွယ်တားဆီးရန်နှင့် အချိန်မီတုံ့ပြန်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုများ မြှင့်တင်ခြင်း၊ မှုခင်းသတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

အထူးသဖြင့် ယနေ့ဒေသတွင်းနိုင်ငံများနည်းတူ ကြုံတွေ့နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတစ်ခုတည်းကဖြေရှင်း၍ မရနိုင်သည့်စိန်ခေါ်မှုများ ဖြစ်လာသည့်အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုက ပိုမို၍ အရေးကြီးလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့ (INTERPOL) ကို ၁၉၅၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သကဲ့သို့ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့ (ASEANAPOL)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံဖြတ် ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိ**

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ်သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိကြောင်း၊ အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်စေနိုင်ခြင်းကြောင့် အွန်လိုင်းလိမ်လည်မှုနည်းလမ်းများနှင့် အန္တရာယ်များကို ပြည်သူများသိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် အရေးယူမှုများပြုလုပ်ကြရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် **“အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ”** ကို ၂၀၂၆ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရဲသူရတံဆိပ်ရရှိသူ ဒုတိယရဲမှူး မြင့်ဇော်အား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာများ ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့အထိ ၇၆၄၈၆ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၃၂၅၈ ဦးကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့် ပူးပေါင်းပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်သော လူနေအဆောက်အအုံများအပါအဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်းတွင် ရှိသည့် အဆောက်အအုံ ၇၇ လုံးကိုလည်း ရာနှုန်းပြည့် ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်ကြောင်း။ ယင်းသည် ရဲတပ်ဖွဲ့အတွက် ကြီးမားသည့်လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကိုအမျိုးသားရေးတာဝန်အဖြစ် ရှုမြင်ပြီး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးစစ်ဆင်ရေး (၄၁)ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက် “Operation 42” ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ အမေရိကန်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA) စသည့်အဖွဲ့များအပြင် အိမ်နီးချင်းနိုင်ငံများ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ထိန်းချုပ်ရေးအဖွဲ့များနှင့်လည်း အနီးကပ်ပူးပေါင်းဆောင်ရွက်သည်များကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် မြန်မာကျပ်ငွေ ၂,၂၀၉ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၀၃ သန်းကျော်)တန်ဖိုးရှိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်မှာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိရောက်သည့်အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*



ဒုတိယသမ္မတ ဦးညိုစော စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ရဲဒုတိယတပ်ကြပ် အောင်ကိုပိုင် (ကျဆုံး)၏ မိခင် ဒေါ်ခင်အေးမြင့် အား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုစတုတ္ထအကြိမ်မြောက် ၅ နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ခုနှစ်သည်လည်း မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းကဏ္ဍ (၄)ရပ်တို့ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး INTERPOL၊ ASEANAPOL တို့နှင့် ပူးပေါင်းပြီး လူကုန်ကူးမှုများတားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈) ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံပေါင်း (၁၄)နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ (MoU)များ လက်မှတ်ရေးထိုးပြီး သတင်းအချက်အလက်ဖလှယ်ခြင်းများနှင့် ဥပဒေ၊ နည်းဥပဒေများအရ အရေးယူခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရမည်**

ရဲတပ်ဖွဲ့၏လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမူများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရမည်လည်းဖြစ်ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့် စည်းကမ်းတို့ကို စနစ်တကျ မြှင့်တင်ပေးရန်လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အတူ မှုခင်းပုံစံများ ပြောင်းလဲလာသောကြောင့် ဒီဂျစ်တယ်နည်းပညာအသုံးပြု ရဲလုပ်ငန်း(Digital Policing)၊ ရဲလုပ်ငန်းသုံးနည်းပညာ (Police Technology)၊ မှုခင်းသိပ္ပံ (Forensic Science)နှင့် ခေတ်မီစုံစမ်းစစ်ဆေးရေးနည်းပညာများကို ထိရောက်စွာအသုံးချနိုင်ရန်လိုအပ်ကြောင်း၊ မှုခင်းသတင်းအချက်အလက်များကို စနစ်တကျစုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး အထောက်အထားအခြေပြုစုံစမ်းဖော်ထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုများကို အမြဲအလေးထားအသိအမှတ်ပြုကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်နှင့် ကိုယ်အင်္ဂါများ စွန့်လွှတ်ပေးလှူသွားခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့် ကြိုးပမ်းမှုများကို ဂုဏ်ယူလေးစားအသိအမှတ်ပြုပါကြောင်းနှင့် လက်ရှိတွင်လည်း တာဝန်များကို စည်းကမ်းရှိရှိ၊ ရဲဝံ့စွာဖြင့် တာဝန်ယူမှုရှိစွာ ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကိုလည်း လေးစားစွာ ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း (၄၉၄၀)တို့ကို စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းကိုလည်း အသိပေးလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**စဉ်ဆက်မပြတ်လေ့ကျင့်ဖြည့်ဆည်း**

ထို့အပြင် ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုများကို အစဉ်အမြဲ နားလည်ပံ့ပိုးပေးကြသည့် မိသားစုဝင်များကိုလည်း ပြည်သူများကိုယ်စား မှတ်တမ်းတင် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့်တာဝန်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့်တာဝန်ဖြစ်သည်ကို အမြဲသတိပြုကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ တာဝန်များကို စည်းကမ်းရှိစွာ၊ တာဝန်ယူမှုရှိ စွာနှင့် ဥပဒေနှင့်အညီ ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအနေဖြင့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်များဖြင့် စနစ်တကျအုပ်ချုပ်ကွပ်ကဲပြီး ပေးအပ်လာသည့်တာဝန်များကို မခိုမကပ်ဘဲ ကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **“မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်”** ဟူသည့် မျှော်မှန်းချက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုကဲ့သို့တည်ဆောက်ရာတွင် ခေတ်မီလက်နက်၊ အီလက်ထရောနစ်ဆက်သွယ်ရေး စက်ပစ္စည်းများ၊ လုံခြုံရေးအသုံးအဆောင်များကိုလည်း ခေတ်ကာလနှင့် လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း အဂတိကင်းစင်ပြီး ပြည်သူချစ်သည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရေး အစဉ်တစိုက်လေ့ကျင့်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့အားကိုးအားထားပြုရသည့် စည်းကမ်းကောင်းမွန်သည့် တပ်ဖွဲ့ဝင်များဖြစ်အောင် အလေးထားဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ရဲဒုတိယတပ်ကြပ် ကောင်းမင်းထက်အား ဂုဏ်ထူးဆောင်ဆုပေးအပ်ချီးမြှင့်စဉ်။

ယနေ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခါသမယမှစ၍ ရဲတပ်ဖွဲ့ဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မိမိတို့၏တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း၊ ရဲတပ်ဖွဲ့၏ စည်းကမ်း၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာပြီး ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိသည့် ခေတ်မီရဲတပ်ဖွဲ့တစ်ရပ်အဖြစ် ဆက်လက်တိုးတက်ဖွံ့ဖြိုးလာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီးကျော်သူ ၊ ဒုတိယရဲမှူး မြင့်ဇော်နှင့် ရဲမှူးကြီး ရန်နိုင်ထွန်း၊ ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ်သန့်စင်ဦးတို့အား ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုတံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များက လက်ခံရယူကြသည်။

**ဂုဏ်ထူးဆောင်ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင် တံဆိပ်ရရှိသူ သုံးဦးကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်ရရှိသူနှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ တစ်ဦးကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ သုံးဦးကိုလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရဲတပ်ဖွဲ့များအလိုက် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက် ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကိုဦး စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ ရဲမှူးခင်ဇော်ဦး အား ဂုဏ်ထူးဆောင်ဆု ပေးအပ်ချီးမြှင့်စဉ်။

# (၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၁**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် အနုပညာရှင်များ၏ ဂုဏ်ပြုသီဆိုကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။




ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် နိုင်ငံကျော်အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆိုကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့သည့် အိန္ဒိယတပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော်  အောက်တိုဘာ ၁**

မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အပြန်အလှန်ဖလှယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယတပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသို့ ရောက်ရှိကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်အပါအဝင် တန်ခိုးကြီး ဘုရား၊ ပုထိုး၊ စေတီတော်များအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၊ အမျိုးသားပြတိုက်စသည့် အထင်ကရနေရာများအား သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်တွင် မြန်မာ့တပ်မတော်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh (အာဂျွန်အန်ဆင်းဟ်)တို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များပါဝင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ ပိုမိုတိုးမြှင့်ရန်၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လေ့လာရေးခရီးစဉ်များ အပြန်အလှန် သွားရောက်လေ့လာလည်ပတ်ခြင်းများ ဆောင်ရွက်ရန် ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ် သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိ၊ စစ်သည်များ ပါဝင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ အိန္ဒိယနိုင်ငံ ဂါယာမြို့သို့ ထွက်ခွာခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃၀ ရက်တွင် အိန္ဒိယနိုင်ငံ ဂါယာမြို့ရှိမဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂယာနှင့် စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဂါယာမြို့ရှိ ဗိုလ်သင်တန်းကျောင်း (OTA)သို့ သွားရောက် လေ့လာခဲ့ကြသည်။ ညပိုင်းတွင် မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ လေဆိပ်တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Arjun N Singh (အာဂျွန်အန်ဆင်းဟ်)တို့က ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော မြို့ပြများတည်ဆောက်ခြင်း

ဝေဖြိုးအောင်

**ယနေ့ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်းရှိ မြို့ပြများ၌ လူဦးရေထူထပ်လာမှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ရာသီဥတုပြောင်းလဲမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ကြီးမားစွာ ရင်ဆိုင်လာရပြီဖြစ်ပါသည်။**

အထူးသဖြင့် မိုးရာသီကာလများတွင် မကြုံစဖူး များပြားလှသော မိုးရေချိန်များကြောင့် မြို့ပြရေကြီးရေလျှံမှုသည် နိုင်ငံတိုင်း၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများကို ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိပါသည်။ ထို့ကြောင့် "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော မြို့ပြများ" တည်ဆောက်ရေးသည် မြို့ပြအုပ်ချုပ်ရေးယန္တရားများအတွက် မရှိမဖြစ်လိုအပ်သော အဓိကမူဝါဒတစ်ရပ် ဖြစ်လာပါသည်။

**Resilient City ဟူသည် ဘေးအန္တရာယ်တစ်ခုခု ကျရောက်လာပါက အလျင်အမြန်တုံ့ပြန်နိုင်ပြီး မူလအခြေအနေသို့ပြန်လည်ရောက်ရှိနိုင်စွမ်းရှိသော ရေရှည်တည်တံ့မှုကို ဦးတည်သော မြို့ပြပုံစံကို ဆိုလိုပါသည်။ မြန်မာနိုင်ငံ၏ မြို့ကြီးများသည် မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြစ်ကမ်းဘေးများတွင် တည်ရှိနေသဖြင့် ရေကြီးရေလျှံမှုအန္တရာယ်ကို နှစ်စဉ်ကြုံတွေ့နေရပါသည်။ သို့ဖြစ်ရာ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို အဆင့်မြှင့်တင်ရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အောင်မြင်သော အလေ့အကျင့်ကောင်းများကို လေ့လာ၍ မိမိတို့၏ မြို့ပြစီမံကိန်းတွင် ပေါင်းစပ်ထည့်သွင်းရန် အလွန်အရေးကြီးလှပါသည်။**

မြို့ပြစီမံခန့်ခွဲမှု ယန္တရားများအနေဖြင့် ရေတိုဖြေရှင်းနည်းများထက် ရေရှည်တည်တံ့သော ဘက်စုံလွှမ်းခြုံသည့်မူဝါဒများကို ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို မပျက်စီးစေဘဲ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းသည်သာလျှင် လာမည့် ဆယ်စုနှစ်များအတွင်း ကြုံတွေ့ရမည့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်ပါသည်။

### ရာသီဥတုပြောင်းလဲမှုနှင့် မြို့ပြရေကြီးရေလျှံမှု အန္တရာယ်

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပုံမှန်မဟုတ်ဘဲ အစွန်းရောက်လာခြင်းသည် မြို့ပြရေကြီးရေလျှံမှုများကို ပိုမိုဆိုးရွားစေပါသည်။ ရုတ်တရက် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် မြစ်ရေလျှံခြင်းတို့သည် အဓိကအကြောင်းရင်းများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း၊ ၂၀၁၅ ခုနှစ် နိုင်ငံတစ်ဝန်းရေကြီးမှု အစရှိသော သမိုင်းဝင်ဘေးအန္တရာယ်များသည် ရာသီဥတုပြောင်းလဲမှု၏ ပြင်းထန်သောသက်ရောက်မှုများကို မီးမောင်းထိုးပြလျက်ရှိပါသည်။

မြို့ပြရေကြီးရေလျှံမှုသည် သဘာဝဘေးအန္တရာယ်သက်သက်သာမဟုတ်ဘဲ လူသားတို့၏ မြို့ပြစီမံကိန်း ချို့ယွင်းချက်များနှင့်လည်း များစွာ သက်ဆိုင်နေပါသည်။ စနစ်တကျမရှိသော အိမ်ရာတည်ဆောက်မှုများ၊ ရေနုတ်မြောင်းစနစ် မလုံလောက်မှုများ၊ သဘာဝရေဝေရေလဲဒေသများကို ဖျက်ဆီး၍ အဆောက်အအုံများ ဆောက်လုပ်ခြင်းစသည့်အချက်များသည် မြို့ပြ၏ ရေကြီးရေလျှံမှုအန္တရာယ်ကို နှစ်ဆတိုးစေပါသည်။ အထူးသဖြင့် မြို့ပြအုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် မြို့ပြမြေအသုံးချမှုကို စနစ်တကျမထိန်းချုပ်နိုင်ပါက ရေစီးဆင်းရာလမ်းကြောင်းများ ပိတ်ဆို့ပြီး ရေကြီးမှုကို ရှောင်လွှဲနိုင်မည်မဟုတ်ပေ။

ထို့ပြင် မြို့ပြလူဦးရေ ထူထပ်လာမှုကြောင့် အမှိုက်စွန့်ပစ်မှုစနစ်များ မနိုင်မနင်းဖြစ်ကာ ရေနုတ်မြောင်းများအတွင်း အမှိုက်များပိတ်ဆို့ခြင်းသည်လည်း ရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ရေကြီးရေလျှံမှုအန္တရာယ်ကို ကာကွယ်ရာတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးသာမက ပြည်သူလူထု၏ အသိပညာပေးမှုနှင့် ပူးပေါင်းပါဝင်မှုသည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

### ရေကြီးရေလျှံမှုခံနိုင်ရည်ရှိရေး သဘောတရားနှင့် အခြေခံမူများ

ရေကြီးရေလျှံမှု ခံနိုင်ရည်ရှိရေးဆိုသည်မှာ ရေကြီးမှုကို လုံးဝမဖြစ်ပေါ်အောင် တားဆီးခြင်းမဟုတ်ဘဲ ရေကြီးမှုကျရောက်လာပါက ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ထိန်းချုပ်ခြင်းနှင့် အမြန်ဆုံးနာလန်ထူနိုင်အောင် ကြိုတင်စီမံထားခြင်းကို ဆိုလိုပါသည်။ ဤသဘောတရားတွင်အဓိက အခြေခံမူလေးရပ် ပါဝင်ပါသည်။

ပထမအချက်မှာ ကြိုတင်ခန့်မှန်းခြင်းနှင့် ပြင်ဆင်ခြင်းဖြစ်ပါသည်။ အဆင့်မြင့် မိုးလေဝသ ခန့်မှန်းရေးနည်းပညာများနှင့် ကြိုတင်သတိပေးစနစ်များကို အသုံးပြု၍ ပြည်သူလူထုအား အချိန်မီ သတင်းအချက်အလက်ပေးပို့ခြင်း ဖြစ်ပါသည်။ ဒုတိယအချက်မှာ အန္တရာယ်ကိုလျှော့ချခြင်း ဖြစ်ပါသည်။ ဤနေရာတွင် အခြေခံအဆောက်အအုံများ (ဥပမာ – ရေကာတာများ၊ ရေထိန်းတံခါးများ)နှင့် သဘာဝကိုအခြေခံသော ဖြေရှင်းနည်းများကို ပေါင်းစပ်အသုံးပြုရန် လိုအပ်ပါသည်။ ရေလှောင်ကန်များ၊ မြို့ပြပန်းခြံများနှင့် သစ်တောများကို ထိန်းသိမ်းခြင်းဖြင့် ရေကြီးမှုကို အတိုင်းအတာတစ်ခုအထိ စုပ်ယူနိုင်မည်ဖြစ်ပါသည်။

တတိယအချက်မှာ အလျင်အမြန်တုံ့ပြန်ခြင်း ဖြစ်ပါသည်။ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ စားနပ်ရိက္ခာနှင့် ဆေးဝါးထောက်ပံ့မှုများကို စနစ်တကျ စီမံထားရှိခြင်းသည် အသက်အန္တရာယ်ဆုံးရှုံးမှုကို ကာကွယ်နိုင်ပါသည်။ စတုတ္ထအချက်မှာ ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ခြင်း ဖြစ်ပါသည်။ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ယခင်ထက် ပိုမိုကြံ့ခိုင်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ခြင်းဖြင့် နောက်တစ်ကြိမ် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရာ ရောက်ပါသည်။ ဤအခြေခံမူများကို မူဝါဒများတွင် မဖြစ်မနေ ထည့်သွင်းရေးဆွဲရန် လိုအပ်လှပါသည်။

> **"မည်မျှပင် ခေတ်မီသော အခြေခံအဆောက်အအုံများ တည်ဆောက်ထားစေကာမူ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုမရှိပါက Resilient City အဖြစ် အောင်မြင်စွာ တည်ဆောက်နိုင်မည်မဟုတ်ပါ။ မြို့ပြရေကြီးရေလျှံမှုကာကွယ်ရေးသည် အစိုးရနှင့် ဌာနဆိုင်ရာများ၏ တာဝန်သာမက နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း အသိပညာပေးရန် လွန်စွာအရေးကြီးပါသည်။ ပညာပေးလုပ်ငန်းများကို စာသင်ကျောင်းများ၊ တက္ကသိုလ်များမှစတင်၍ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်း သင်ကြားသင့်ပါသည်။ "ရေနုတ်မြောင်းသည် အမှိုက်ပုံးမဟုတ်" ဆိုသည့် အသိတရားကို လူထုအတွင်း စိမ့်ဝင်စေရန် မီဒီယာမျိုးစုံကို အသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ရမည်ဖြစ်ပါသည်။ ထို့ပြင် ရပ်ကွက်အလိုက် သန့်ရှင်းရေးနေ့များကို ပုံမှန်ကျင်းပပေးခြင်းဖြင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကို မွေးမြူပေးနိုင်"**

### အခြေခံအဆောက်အအုံနှင့် သဘာဝကိုအခြေခံသော ဖြေရှင်းနည်းများ

မြို့ပြရေကြီးရေလျှံမှုကို ကာကွယ်ရာတွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းနှစ်သွယ်ရှိပါသည်။ ယင်းတို့မှာ Grey Infrastructure (ကွန်ကရစ်နှင့် သံမဏိတို့ကို အသုံးပြုထားသော ရိုးရာတည်ဆောက်မှုများ)နှင့် Green Infrastructure (သဘာဝဂေဟစနစ်ကို အခြေခံသော ဖြေရှင်းနည်းများ)တို့ ဖြစ်ကြပါသည်။

Grey Infrastructure တွင် ရေနုတ်မြောင်းကြီးများ၊ ရေစုပ်စက်ရုံများ (Pumping Stations)၊ ရေကာတာများနှင့် မြေအောက်ရေလှောင်ကန်ကြီးများ ပါဝင်ပါသည်။ ဤစနစ်များသည် ရေပမာဏများပြားလွန်းချိန်တွင် အမြန်ဆုံးရေနုတ်နိုင်ရန် အလွန်ထိရောက်မှုရှိသော်လည်း တည်ဆောက်မှုစရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ် များပြားလှပါသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများလည်း ရှိနိုင်ပါသည်။

ထို့ကြောင့် ယနေ့ခေတ် မြို့ပြစီမံကိန်းရေးဆွဲသူများသည် Green Infrastructure ကို ပိုမိုအားထားလာကြပါသည်။ ယင်းစနစ်တွင် ရေစိမ့်ဝင်နိုင်သော လမ်းခင်းကျောက်များ အသုံးပြုခြင်း၊ အဆောက်အအုံ ခေါင်မိုးများပေါ်တွင် စိုက်ခင်းများပြုလုပ်ခြင်း၊ မိုးရေကို သိုလှောင်နိုင်သော မြို့ပြပန်းခြံများ တည်ဆောက်ခြင်းနှင့် သဘာဝရေတိမ်ဒေသများကို ထိန်းသိမ်းခြင်းတို့ ပါဝင်ပါသည်။

အကောင်းဆုံးချဉ်းကပ်မှုမှာ Grey နှင့် Green Infrastructure နှစ်ခုလုံးကို အချိုးကျပေါင်းစပ်အသုံးပြုခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်ကျစရိတ်သက်သာပြီး ရေရှည်တည်တံ့သော သဘာဝကိုအခြေခံသည့် နည်းလမ်းများကို ဦးစားပေးစဉ်းစားသင့်ပါသည်။ ဥပမာအားဖြင့် မြို့တွင်းရှိ ရေကန်ဟောင်းများကို ပြန်လည်တူးဖော်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းသည် အကုန်အကျသက်သာသော Green Infrastructure လုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

### မြို့ပြစီမံကိန်း ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များ

မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာများရေးဆွဲရာတွင် "ရေကြီးမှုခံနိုင်ရည်ရှိရေး"ကို အဓိကအကျဆုံး အညွှန်းကိန်းတစ်ခုအဖြစ် သတ်မှတ်ရန် လိုအပ်ပါသည်။ မြို့ပြစီမံကိန်းများရေးဆွဲရာတွင် ရေတိုစီးပွားရေး အကျိုးအမြတ်ထက် ရေရှည်တည်တံ့သော ဘေးကင်းလုံခြုံမှုကို ဦးစားပေးရမည်ဖြစ်ပါသည်။

ပထမဦးစွာ မြို့တစ်မြို့လုံး၏ ရေစီးဆင်းမှုလမ်းကြောင်း မြေပုံကို အတိအကျရေးဆွဲထားရန် လိုအပ်ပါသည်။ မည်သည့်နေရာသည် အနိမ့်ဆုံးဖြစ်သည်၊ မည်သည့်မြောင်းများသည် အဓိကရေထွက်ပေါက်ဖြစ်သည်ကို သိရှိမှသာ ဘတ်ဂျက်ခွဲဝေရာတွင် အရေးကြီးသော နေရာများကို ဦးစားပေးနိုင်မည်ဖြစ်ပါသည်။ ရေနုတ်မြောင်းအသစ်များ ဖောက်လုပ်ရာတွင်လည်း နှစ် ၅၀ ခန့် ရာသီဥတုပြောင်းလဲနိုင်ခြေကို ကြိုတင်တွက်ချက်၍ အရွယ်အစားနှင့် စွမ်းရည်ကို သတ်မှတ်သင့်ပါသည်။ ဒုတိယအချက်မှာ အမှိုက်သိမ်းဆည်းမှုစနစ်ကို ခေတ်မီအောင် အဆင့်မြှင့်တင်ရန်ဖြစ်ပါသည်။ ရေနုတ်မြောင်းများ ပိတ်ဆို့ရခြင်း၏ အဓိကတရားခံမှာ ပလတ်စတစ်နှင့် အခြားသော စွန့်ပစ်အမှိုက်များ ဖြစ်ပါသည်။ ထို့ကြောင့် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကို ပြုစုပျိုးထောင်ပေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းစနစ်များကို ထိရောက်စွာ ကျင့်သုံးရမည်ဖြစ်ပါသည်။

တတိယအချက်မှာ အဆောက်အအုံဆောက်လုပ်ခွင့်ချထားပေးရာတွင် စည်းကမ်းချက်များ အသစ်ထုတ်ပြန်ခြင်းဖြစ်ပါသည်။ အထပ်မြင့် အဆောက်အအုံသစ်များ၊ စီးပွားရေးအဆောက်အအုံများ ဆောက်လုပ်ရာတွင် မိုးရေလှောင်ကန်များ မဖြစ်မနေ ထည့်သွင်းတည်ဆောက်စေခြင်းဖြင့် မြို့ပြ၏ ရေစီးဆင်းမှုဝန်ပိခြင်းကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များသည် မြို့ပြစီမံခန့်ခွဲမှု၏ အသက်သွေးကြောများ ဖြစ်ကြပါသည်။

### ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် အသိပညာပေးလုပ်ငန်းများ

**မည်မျှပင်ခေတ်မီသော အခြေခံအဆောက်အအုံများ တည်ဆောက်ထားစေကာမူ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုမရှိပါက Resilient City အဖြစ် အောင်မြင်စွာ တည်ဆောက်နိုင်မည်မဟုတ်ပါ။ မြို့ပြရေကြီးရေလျှံမှုကာကွယ်ရေးသည် အစိုးရနှင့် ဌာနဆိုင်ရာများ၏ တာဝန်သာမက နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ကြောင်း အသိပညာပေးရန် လွန်စွာ အရေးကြီးပါသည်။ ပညာပေးလုပ်ငန်းများကို စာသင်ကျောင်းများ၊ တက္ကသိုလ်များမှစတင်၍ သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားသင့်ပါသည်။ "ရေနုတ်မြောင်းသည် အမှိုက်ပုံးမဟုတ်" ဆိုသည့် အသိတရားကို လူထုအတွင်း စိမ့်ဝင်စေရန် မီဒီယာမျိုးစုံကို အသုံးပြု၍ ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ရမည်ဖြစ်ပါသည်။ ထို့ပြင် ရပ်ကွက်အလိုက် သန့်ရှင်းရေးနေ့များကို ပုံမှန်ကျင်းပပေးခြင်းဖြင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကို မွေးမြူပေးနိုင်ပါသည်။**

သဘာဝဘေးအန္တရာယ် ကျရောက်လာပါက မည်သို့တုံ့ပြန်ရမည်ဆိုသည့် ဇာတ်တိုက်လေ့ကျင့်မှုများကိုလည်း ရပ်ကွက်၊ ကျေးရွာများအလိုက် နှစ်စဉ်ပြုလုပ်ပေးသင့်ပါသည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများကို ကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုသင်တန်းများ ပေးထားခြင်းဖြင့် အရေးပေါ်အခြေအနေတွင် အသက်အန္တရာယ်ဆုံးရှုံးမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ပြည်သူလူထု၏အသံကို နားထောင်ခြင်းသည်လည်း အလွန်အရေးကြီးပါသည်။ ဒေသခံ

*စာမျက်နှာ ၇ သို့*

## ဘဝနေညို လူလဲအိုပြီ ...

❖ ခေါင်းဖြူစွယ်ကျိုး ထိုအဖိုးကို
မြတ်နိုးကြင်နာ ဂရုစိုက်ပါအုံး
သူ့မှာအင်အား ချည့်နဲ့သွား၍
အစားမဝင် အိပ်လျှင်မပျော်
အဖော်မဲ့ကင်း နေရခြင်းကို
နှုတ်တွင်းကနော် သူမဖော်လဲ
သင်နော်သတိ ထားအသိနှင့်
ကြည့်ရှုစောင့်ရှောက်ပါကုန်လော့။

❖ သွားလာလှုပ်ရှား စကားမပီ
နားမကြည်လို့ မပီဝိုးဝါး
မျက်လုံးများဖြင့် စိတ်သွားတိုင်းဟာ
ကိုယ်မပါလို့ လွန်စွာနေးကွေး
ရှိနေသေး၍ ကူဖေးမောင်က
ပြုစုမှသာ သူ့ခများသည်
ကောင်းစွာခရီး လိုရာပြီးလိမ့်။

❖ သေမင်းခေါ်သံ အမှန်သဲ့သဲ့
ကြားနေခဲ့ရ ဗုဒ္ဓမြတ်စွာ
ဟောကြားကာထား မြတ်တရားကို
ခံစားနှလုံး ပီတိပြုံးဖြင့်
ယူကြုံးလိုက်နာ ကျင့်ဆောင်ပါအံ့
သူဟာလူအို ဘဝညိုပြီ။

(အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုလျက်)

ဘိုမျိုး(ရွှေဘို)

## ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**တောင်ကြီး အောက်တိုဘာ ၁**

တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့်သက်မွေးပညာသင်တန်းစင်တာတွင် ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် စခန်းသွင်းလေ့ကျင့်နေသည့် ရှမ်းပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင် တိုင်းရင်းသား လူငယ်မောင်မယ်များ၏ ပြိုင်ပွဲဝင်ရန် လေ့ကျင့်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သင်တန်းစင်တာအတွင်းရှိ အလုပ်ရုံဆောင်၊ စားရိပ်သာဆောင်၊ သင်တန်းခန်းမဆောင်များနှင့် သင်တန်းသား သင်တန်းသူ အိပ်ဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့ပြင် သင်တန်းစင်တာတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံပြီး တာဝန်ခံ ညွှန်ကြားရေးမှူးက သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်နေမှုများ၊ ဖွင့်လှစ်သွားမည့်သင်တန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေများကို ခြိုးခြံချွေတာပြီး အကျိုးရှိရှိ အသုံးပြုရန်နှင့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးကို အထူးဂရုပြုရန်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

** ရှေ့ဖုံးမှ*

ဖြစ်ပွားခဲ့သည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း ရေကျော်ခြင်းများ ဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့အပါအဝင် မြို့နယ် ၅ မြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းအား စက်တင်ဘာလ ၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ရေကြီးရေလျှံမှုအခြေအနေများကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ ရေဖြူမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း(၃) ကျောင်း၊ ထားဝယ်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း (၂)ကျောင်း၊ အလယ်တန်းကျောင်း (၁)ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၂)ကျောင်း၊ လောင်းလုံးမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)(၆)ကျောင်း၊ အလယ်တန်းကျောင်း(၂)ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၃)ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၂) ကျောင်း၊ ကိုယ်ပိုင်ကျောင်း(၁)ကျောင်း၊ သရက်ချောင်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ မူလတန်းနှင့်မူလတန်းလွန်ကျောင်း ၉ ကျောင်းနှင့် ပုလောမြို့နယ်အတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း ၁ ကျောင်း စုစုပေါင်း မြို့နယ် ၅ ခုမှ အခြေခံပညာကျောင်း ၅၆ ကျောင်းတို့ဖြစ်ကြောင်း သိရှိရသည်။

**စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိ**

ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရေပြန်လည်ကျဆင်းသွားသည့် နေရာများရှိ စာသင်ကျောင်းများတွင် ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ကျောင်းအတွင်း/ အပြင်၌ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းမြေများ ဖယ်ရှားခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ စာသင်ခုံများ ပြုပြင်ခြင်း၊ စာသင်ခန်းအတွင်း/ အပြင်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာယီပိတ်ထားခဲ့ရသည့် ကျောင်းများအနက် စက်တင်ဘာလ ၃၀ ရက်တွင် အခြေခံပညာကျောင်း ၁၄ ကျောင်း၊ ယနေ့တွင် အခြေခံပညာကျောင်း ၄၁ ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း ၅၅ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျန်ရှိသည့် ပုလောမြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း (ပလောက်နောက်) ကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေပြန်လည်ကျဆင်းချိန်တွင် သန့်ရှင်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

*စာမျက်နှာ ၆ မှ*

ပြည်သူများက ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်၏ ရေစီးရေလာအခြေအနေကို အသိဆုံးဖြစ်သဖြင့် ၎င်းတို့၏ အကြံဉာဏ်များသည် လက်တွေ့ကျသော ဖြေရှင်းနည်းများကို ရရှိစေနိုင်ပါသည်။ ပွင့်လင်းမြင်သာမှုရှိသော စီမံခန့်ခွဲမှုသည် ပြည်သူလူထု၏ ယုံကြည်မှုကိုရရှိစေပြီး ပူးပေါင်းပါဝင်မှုကို အလိုအလျောက် မြင့်တက်စေပါသည်။

**ရေရှည်တည်တံ့သော ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု**

ကြံ့ခိုင်သောမြို့ပြများ တည်ဆောက်ရေးအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ဘဏ္ဍာငွေရရှိရေးပင် ဖြစ်ပါသည်။ ခေတ်မီရေနုတ်မြောင်းစနစ်များ၊ ရေကာတာများနှင့် ကြိုတင်သတိပေးစနစ်များ တည်ဆောက်ရန်အတွက် ငွေကြေးပမာဏ အမြောက်အမြားလိုအပ်ပါသည်။ သို့ဖြစ်ရာ ရိုးရာဘတ်ဂျက်ခွဲဝေမှုစနစ်အပြင် ဆန်းသစ်သောဘဏ္ဍာရေးအစီအမံများကိုပါ ရှာဖွေကျင့်သုံးရန် လိုအပ်ပါသည်။ ပထမဦးစွာ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေများနှင့် နည်းပညာအကူအညီများကို ရယူနိုင်ရန် ခိုင်မာသောစီမံကိန်းအဆိုပြုလွှာများ ရေးဆွဲတင်ပြသင့်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုရန်ပုံငွေကဲ့သို့သော ရန်ပုံငွေအဖွဲ့များထံမှ အကူအညီများ ရယူနိုင်ရန် ကြိုးပမ်းသင့်ပါသည်။

ဒုတိယအချက်မှာ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်ခြင်း၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အစိုးရ၏ ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ပါသည်။ တတိယအချက်မှာ မြို့ပြဖွံ့ဖြိုးရေး အခွန်အခများကို စနစ်တကျကောက်ခံခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် မြေနိမ့်ပိုင်းများကို မြေဖို့၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများထံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခွန်ကောက်ခံခြင်း၊ အထပ်မြင့်အဆောက်အအုံများထံမှ ရေနုတ်မြောင်းအသုံးပြုခများ ကောက်ခံခြင်းတို့ကို ပြုလုပ်၍ အဆိုပါရန်ပုံငွေများကို မြို့ပြရေကြီးမှုကာကွယ်ရေးလုပ်ငန်းများတွင် သီးသန့်ပြန်လည်အသုံးပြုသင့်ပါသည်။ ဘဏ္ဍာရေးလွတ်လပ်ခွင့်နှင့် စီမံခန့်ခွဲနိုင်စွမ်းသည် Resilient City တည်ဆောက်ရေး၏ အသက်သွေးကြောဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော မြို့ပြများတည်ဆောက်ခြင်း"သည် ရွေးချယ်စရာမဟုတ်ဘဲ မလုပ်မဖြစ် လုပ်ဆောင်ရမည့် ရင်သန့်ရပ်တည်ရေး မဟာဗျူဟာတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မြို့ကြီးများသည် ရာသီဥတုပြောင်းလဲမှု၏ ခြိမ်းခြောက်မှုကို ရှေ့တန်းမှ ရင်ဆိုင်နေရသဖြင့် အစဉ်အလာစီမံခန့်ခွဲမှုပုံစံများမှ ခွဲထွက်၍ ဆန်းသစ်သော၊ ရေရှည်တည်တံ့သော မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရန် အချိန်တန်ပြီဖြစ်ပါသည်။

မြို့ပြအုပ်ချုပ်ရေးယန္တရားများအနေဖြင့် မြို့ပြမြေအသုံးချမှုကို စနစ်တကျထိန်းချုပ်ခြင်း၊ Green Infrastructure များကို ပေါင်းစပ်အသုံးပြုခြင်း၊ နည်းပညာကိုအသုံးချ၍ ကြိုတင်သတိပေးစနစ်များ တည်ဆောက်ခြင်းတို့ကို ချက်ချင်းစတင်ဆောင်ရွက်သင့်ပါသည်။ အနာဂတ်မြန်မာနိုင်ငံ၏ မြို့ပြများသည် ရေကြီးရေလျှံမှုဘေးအန္တရာယ်ကို ကြောက်ရွံ့နေရသော နေရာများမဟုတ်ဘဲ သဘာဝတရားနှင့် ဟန်ချက်ညီညီ ပေါင်းစပ်နေထိုင်ကာ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိသော တည်ငြိမ်အေးချမ်းသည့် စံပြမြို့တော်များအဖြစ်သို့ ရောက်ရှိလာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

**မှီငြမ်းကိုးကားစာရင်း**


၁။ Asian Development Bank (ADB). (2021). "Building Resilience in Dhaka: Community–based Flood Management."
၂။ UN–Habitat. (2019). "Principles of Urban Flood Resilience." United Nations Human Settlements Programme.
၃။ C40 Cities. (2022). "Nature–based Solutions for Urban Flooding"
၄။ Myanmar Climate Change Alliance (MCCA). (2019). "Climate Change Vulnerability Assessment in Myanmar."

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မီတာခကောက်ခံမှုစနစ် ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ရှောင်လမ်း စီမံကိန်း ဆောင်ရွက်ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လသာမဲဆန္ဒနယ်မှ ဦးလှတင့်၏ **မီတာခကောက်ခံမှုစနစ်အား ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သည် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မိနစ်ပိုင်း၊ နာရီပိုင်းအလိုက် အချိန်နှင့်တစ်ပြေးညီ အလိုအလျောက်တိုင်းတာထားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူနှင့် ထိန်းချုပ်ကွပ်ကဲသူတို့က သိရှိနိုင်ရန်နှင့် Online Banking မှတစ်ဆင့် ဓာတ်အားခပေးချေနိုင်သည်အထိ စီစဉ်ချိတ်ဆက်ထားသောစနစ်တစ်ခု ဖြစ်ပါကြောင်း။

အဆိုပါ အချိန်နှင့်တစ်ပြေးညီသိသောမီတာခကောက်ခံမှုစနစ်တွင် တပ်ဆင်ရသော မီတာများသည် ရိုးရိုး Analougue နှင့် Digital မီတာများကဲ့သို့ လ၏အဆုံးတွင် မီတာတပ်ဆင်သည့်နေရာတွင် သွားရောက်ဖတ်ရှုရန်မလိုဘဲ သိရှိလိုသည့်အချိန်တွင် Utility ၏ Control Center နှင့် Consumer တို့သည် ချိတ်ဆက်ထားသော Monitoring Display တွင်လည်းကောင်း၊ Web Portal တွင်လည်းကောင်း ချက်ချင်းကြည့်ရှုသိရှိနိုင်သည့် စနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများတွင် Hardware အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေးကွန်ရက်၊ ဆော့ဖ်ဝဲလ်နှင့် စနစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၊ လုံခြုံမှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ လိုအပ်မည်ဖြစ်ပါကြောင်း။

လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲသူများအတွက် တပ်ဆင်ပေးထားသော မီတာအရေအတွက် စုစုပေါင်း ၆၂၇၀၉၃ လုံး ရှိသည့်အနက်၊ AMI မီတာလဲလှယ်တပ်ဆင်ပြီးမီတာ ၁၃၇၃၀၇၅ လုံးဖြစ်ပါ၍ လဲလှယ်ရန် ၅၅၅၄၀၁၆ လုံး ကျန်နေပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားသုံးစွဲရန် အသစ်လျှောက်ထားသူများအတွက်လည်း ထပ်မံလိုအပ်ပါမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ AMI မီတာများ တိုးချဲ့တပ်ဆင်မှု၊ Main Server တိုးချဲ့မှု၊ Billing Server နှင့်ဘဏ်ချိတ်ဆက်မှုအတွက် Software & System Infrastructure တိုးချဲ့မှုတို့ကို နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ အခြေခံအဆောက်အအုံများကို အပြည့်အဝ တည်ဆောက်အကောင်အထည်ဖော်နိုင်မှသာလျှင် အချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်ကို ရောက်ရှိမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် ဆောင်ရွက်ရန် အချိန်ကာလနှင့် ဘဏ္ဍာငွေကြေးများစွာ လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **လောင်းလုံးမြို့ပေါ်ရပ်ကွက်လေးခုနှင့် ဆက်စပ်ကျေးရွာများအား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူမြို့များ၏ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ကံပေါက်ဒေသတွင် ၂၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ဓာတ်အားပေးစက်များ မောင်းနှင်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေနှစ်သန်းခန့်ကို ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ထားဝယ်-လောင်းလုံး-ဇလွတ် ဓာတ်အားလိုင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လောင်းလုံးဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဇလွတ် ဓာတ်အားခွဲရုံတို့အား တည်ဆောက်၍ ကံပေါက် သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံမှ ဓာတ်အားဖြင့် ဓာတ်အားပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၃၀-၉-၂၀၂၅ ရက်တွင် လောင်းလုံးမြို့ပေါ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်းသို့ အကြမ်းဖက်အဖွဲ့မှဝင်ရောက်၍ ပစ်ခတ်ဖျက်ဆီးမှုများကြောင့် Main Transformer နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီး၍ ဓာတ်အားပြတ်တောက်ခဲ့ရပါကြောင်း။

လက်ရှိနယ်မြေအခြေအနေအရ ပျက်စီးသွားသည့် ထရန်စဖော်မာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများအား ပြန်လည်ပြုပြင်နိုင်ခြင်း မရှိသေးပါကြောင်း၊ ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည့်ရန်ပုံငွေအား တနင်္သာရီတိုင်းဒေသကြီး အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် နယ်မြေအခြေအနေနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပြန်လည်စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းရောက်ရှိအောင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တမူးခရိုင် တမူးမြို့နယ်အတွင်းသို့ မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်နိုင်ရန် ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင်၉၀ တည်ဆောက်၍ ၂၃၀ ကေဗွီ တမူး ပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ရမည်ဖြစ်ပြီး အဆိုပါ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသည် ခမ်းပါတ်မြို့အနီးမှ ဖြတ်သန်းသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားပေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး(မြောက်ပိုင်း)သို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ၂၃၀ ကေဗွီ ကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းနှင့် တမူးမြို့မှ လေးမိုင်ခန့်အကွာ တမူး-ကလေး ကားလမ်းမကြီး အရှေ့ဘက်ဘေး၊ တမူးမြို့ အင်ဒိုင်းကျေးရွာအုပ်စု ကွင်းအမှတ် OSS ကွင်းပြင်အတွင်းရှိ ဧက ၁၀၀ အကျယ်အဝန်းရှိမြေတွင် ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံတည်ဆောက်ရန် လျာထားခဲ့ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ပင်မဓာတ်အားခွဲရုံ (မြေယာလျော်ကြေး ပေးအပ်နိုင်ရေးနှင့် ခြံစည်းရိုးကာရံခြင်း) လုပ်ငန်းများအတွက် တင်ဒါခေါ်ယူစိစစ်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြားသဘောတူညီမှုဖြင့် ၂၃၀/၆၆ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံမှ တမူးမြို့သို့ ၆၆ကေဗွီ ဓာတ်အားလိုင်း လေးမိုင်နှင့် တမူးမြို့ ဇောခိကုန်းရပ်၊ မြို့မရပ်ကွက်၊ အကွက်အမှတ် ၆၃ တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံတည်ဆောက်၍ တမူးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်လျာထားခဲ့သော်လည်း နယ်မြေဒေသအခြေအနေအရ လျာထားစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်းနှင့် နယ်မြေဒေသ အခြေအနေကောင်းမွန်လာပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စုသို့ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၁၁ ကေဗွီ အစိုးရလျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က နောင်ချိုမြို့နယ်ရှိ ကံကြီးကျေးရွာသို့ ၃၃/၁၁ ကေဗွီ ရွှေညောင်ပင်မဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ နောင်ချိုမြို့တွင်းဖီဒါမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးထားပြီး ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ကံကြီးကျေးရွာအထိ ၂၁ မိုင်ခန့် ရှည်လျားပါကြောင်း၊ ကံကြီးကျေးရွာမှ တောင်ရှည်ကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင်ခန့် ထပ်မံဆွဲရမည်ဖြစ်သဖြင့် စုစုပေါင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ၃၄ မိုင်ခန့် ရှိမည်ဖြစ်သည့်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် နည်းပညာအရ သင့်လျော်မှုမရှိသည့်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နောင်ချိုမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော တောင်ရှည်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရန် ၃၃ ကေဗွီ ရေလင့်ဓာတ်အားခွဲရုံမှ တောင်ရှည်ကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် တောင်ရှည်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့ပေါ်ရှိ ရပ်ကွက် (၇)ခုနှင့် တပ်နယ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအား နေ့စဉ်လျှပ်စစ်မီး သုံးနာရီ ပုံမှန်ရရှိရေးအတွက် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တနိုင်းမြို့အား ၅၀၀ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးဖြင့် လစဉ်ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်နှင့် ထပ်မံလိုအပ်သည့် စက်သုံးဆီအား မြို့မီးလင်းရေးကော်မတီ၏ ထောက်ပံ့မှုဖြင့် ဓာတ်အားသုံးစွဲသူ ၂၂၄၆ ဦးအား တစ်ရက်လျှင် သုံးနာရီဖြင့် နေ့စဉ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း။

၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် ဒီဇယ်စက်သုံးဆီဈေးနှုန်းများ အဆမတန်မြင့်တက်လာခြင်း၊ ဒေသတွင်ဝယ်ယူရန်ခက်ခဲလာခြင်း၊ ဓာတ်အားခများ တိုးမြှင့်ကောက်ခံသော်လည်း စက်သုံးဆီထောက်ပံ့ရန် အဆင်မပြေခြင်းတို့ကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မီးလင်းရေးကော်မတီများပါဝင်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ် မေလတွင် မြို့မီးလင်းရေးကော်မတီအား ဖျက်သိမ်းခဲ့ပြီး ဌာနဒီဇယ်ဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်သာ မောင်းနှင်ဓာတ်အားပေးခဲ့ရပါကြောင်း။

ထို့ပြင် ဒီဇယ်ဓာတ်အားပေးစက် သုံးလုံးရှိသည့်အနက် နှစ်လုံးမှာ စက်မောင်းသက်တမ်း ကြာမြင့်လာခြင်းကြောင့် ချွတ်ယွင်းခဲ့ပြီး မီးစက်ကုမ္ပဏီများမှ ကျွမ်းကျင်သူများကလည်း နယ်မြေအခြေအနေကြောင့် သွားရောက်ပြုပြင်နိုင်မှုမရှိသဖြင့် ကျန်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် တစ်လုံးဖြင့်သာ ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့် မောင်းနှင်၍ အုပ်စုသုံးစုခွဲကာ အုပ်စု တစ်ခုလျှင် ၁ နာရီ ၁၅ မိနစ်ခန့် အလှည့်ကျ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့ပေါ်ရပ်ကွက်များ နေ့စဉ်လျှပ်စစ်မီး သုံးနာရီရရှိရေးအတွက် နယ်မြေအခြေအနေကောင်းမွန်ချိန်တွင် ကျွမ်းကျင်ပညာရှင်များအား စေလွှတ်ပြီး ချွတ်ယွင်းလျက်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးအား ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖျက်သိမ်းခဲ့သော တနိုင်းမြို့မီးလင်းရေးကော်မတီအား ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့ရှောင်လမ်း စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် လမ်းကြောင်းအရှည်မှာ ၁၄ မိုင် ၂ ဖာလုံခန့်ရှိပါကြောင်း၊ မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်မည်ဆိုပါက လမ်းနယ်အကျယ် သတ်မှတ်ချက်မှာ ပေ ၁၅၀ ဖြစ်ပါသဖြင့် လမ်းနယ်ဧရိယာမှာ ၂၅၉ ဧကခန့်ရှိမည်ဖြစ်ပြီး ယာမြေ ၂၂၅ ဧကနှင့် လယ်မြေ ၃၄ ဧကဖြစ်ပါကြောင်း၊ လမ်းနယ်သတ်မှတ် သိမ်းသွင်းနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြေယာသိမ်းဆည်းခြင်းနှင့် မြေယာလျော်ကြေးများပေးချေခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရေး တည်ဆောက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက် ဒီဇိုင်းတိုင်းတာ ပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအသစ်ဆောင်ရွက်ရန် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

မိုးနဲမြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံအား ကွင်းရှောင်နိုင်ရန် မြို့ရှောင်လမ်းအား ၁၄ မိုင် ၂ ဖာလုံ ဖောက်လုပ်ရမည်ဖြစ်ခြင်း၊ လယ်ယာမြေ ၂၅၉ ဧက အတွက် လယ်ယာမြေလျော်ကြေးများ ပေးချေရမည် ဖြစ်ခြင်း အစရှိသည့် မြို့ရှောင်လမ်းဖောက်လုပ်မည် ဆိုပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် ထိခိုက် နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့်ကုန်ကျစရိတ်များ စသည့် အချက်အလက်များအား တွက်ချက်စဉ်းစား သုံးသပ်ပြီးမှသာလျှင် ဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် လက်ရှိအခြေအနေအရ ယာဉ်သွားလာမှုအတွက် ကောင်းစွာ လုံလောက်မှုရှိခြင်းတို့ကြောင့် လတ်တလောတွင် မိုးနဲမြို့ရှောင်လမ်းဖောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်း – သာရဝေါ်သွား မဟာဗျူဟာလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း (သို့မဟုတ်) အကြီးစား ပြင်/ထိန်း ပြုလုပ်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း– သာရဝေါ်သွား မဟာဗျူဟာလမ်းသည် လက်ပံတန်း မြို့နှင့် ရောဝတီမြစ်ကမ်းပါးရှိ ကျုံလဟာကျေးရွာသို့ ဆက်သွယ်ထားသည့် ၂၀ မိုင် ၂ ဖာလုံအရှည်ရှိသော လက်ပံတန်း – ကျုံလဟာလမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄ မိုင် ၁ ဖာလုံနှင့် ကျောက်ခင်း လမ်း ၄ မိုင် ၃ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်း ခြင်း ၁ ဖာလုံ၊ လမ်းအောက်ခံမြေပြုပြင်၍ ဒု–အခြေခံ လွှာခင်းခြင်း ၄ ဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်နေ သော နေရာများအား သွားလာမှုအဆင်ပြေချောမွေ့ စေရန် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအဆင့်အနေ ဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပျက်စီးနေသော လမ်းပိုင်း ၁ မိုင်အား ကျောက်ခင်းလမ်းခင်းနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထား သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း အား နှစ်အလိုက် အဆင့်ဆင့်တိုးမြှင့်လျာထားသွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်း မြို့နယ်၌ ဘဏ္ဍာရေးနှစ် (၁) နှစ်လျှင် ကွန်ကရစ် လမ်း (၃) မိုင်မှ (၅) မိုင်ခန့် ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးမျိုးမြင့်က မိုင်းပျဉ်း–မက်မန်းလမ်းသည် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှ မက်မန်းခရိုင် မက်မန်းမြို့နယ်အထိ ၆၇ မိုင် ၆ ဖာလုံအရှည်ရှိသော မိုင်းပျဉ်း–မက်မန်းလမ်း၏ လမ်းပိုင်းတွင်ပါဝင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါ ကြောင်း၊ အဆိုပါလမ်း၏ မက်မန်းခရိုင် မက်မန်း မြို့နယ်အပိုင်းသည် ၄၆ မိုင် ၇ ဖာလုံအရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၂၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၆ ဖာလုံနှင့် အမာခံလမ်း ၁၄ မိုင်ရှိပါကြောင်း။

မိုင်းပျဉ်း – မက်မန်းလမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ်အပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေး နှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကွန်ကရစ် လမ်းခင်းခြင်း ၂ ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်း ပိုင်းများတွင် ခွဲကျောက်ဖြင့် လမ်းမျက်နှာပြင်ပြုပြင် ခြင်း ၂ မိုင် ၄ ဖာလုံ လုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင် ရန်အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်အလိုက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေး– ကြိမ်ချောင်းကြီး လမ်းပိုင်းနှင့် ကြိမ်ချောင်းကြီး – ကဒုံကနိလမ်းပိုင်းတို့အား ရာသီမရွေးသွားလာနိုင် သောလမ်းအဖြစ် ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဘိုကလေး – ကြိမ်ချောင်း – ကဒုံကနိလမ်းသည် ၂၀၀၈ ခုနှစ် နာဂစ်ကာလအပြီး ဖောက်လုပ်ခဲ့သော နာဂစ်လမ်းကွန်ရက် ၁၁ လမ်းအနက်မှ အမှတ် ၅ လမ်းဖြစ်ပြီး လမ်းအရှည် ၄၂ မိုင်ရှိသည့် ပြည်ထောင်စု အစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါ လမ်း၏ လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေအကျယ် ကတ္တရာလမ်း ၂ ဖာလုံ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၅ မိုင်၊ ၁၆ ပေအကျယ် အမာခံလမ်း ၂၆ မိုင် ၆ ဖာလုံဖြစ်ပြီး ကောင်းမွန်သောအပိုင်း ၆ ဖာလုံ၊ အသင့် အတင့်ကောင်းမွန်သောအပိုင်း ၆ မိုင် ၄ ဖာလုံနှင့် ပျက်စီးမှုများပြားသောအပိုင်း ၃၄ မိုင် ၆ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ၄ ဖာလုံနှင့် ပျက်စီးနေ သော အမာခံလမ်းအားပြုပြင်ခြင်း ၁ မိုင် ၁ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်ထောင်စုပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းပေါက်နှင့် ကျောက်လမ်းပေါက်များ ပြုပြင်ခြင်းအား ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် တွင် အမာခံလမ်းမှ ကတ္တရာလမ်းသစ်ခင်းခြင်း ၂ မိုင် လျာထားသွားမည်ဖြစ်ပြီး နှစ်လတ်မူဘောင် ၃ နှစ် စီမံကိန်းတွင်လည်း အမာခံလမ်းမှ ကတ္တရာလမ်းခင်း ခြင်း ၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲ ထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေး မြို့နယ် ဂါကြီးကုန်း၊ ယင်းကွေ့ချောင်းနှင့် လက်ပံတို ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မကွေး – တောင်တွင်းကြီးလမ်းမှ ဂါကြီးကုန်း–ယင်းကွေ့ချောင်း–လက်ပံတိုလမ်းသည် ရန်ကုန်–ပြည်–မန္တလေးလမ်းမှ ခွဲထွက်ပြီး ဂါကြီးကုန်း ကျေးရွာ လက်ပံတိုကျေးရွာ၊ ယင်းကွေ့ချောင်း ကျေးရွာများအား ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၇ ဖာလုံရှိသော မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ လက်ရှိ လမ်း၏အခြေအနေမှာ အမာခံလမ်း ၉ မိုင် ၇ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် တွင် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်း အဖြစ် ဆောင်ရွက်နိုင်ရန် လမ်းအရှည် ၁ မိုင် ၄ ဖာလုံ ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသော အမာခံလမ်းပိုင်းကိုလည်း တိုင်းဒေသကြီးငွေလုံး ငွေရင်းရန်ပုံငွေတွင် နှစ်အလိုက်လျာထားသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး– ဂန့်ဂေါလမ်းရှိ ကမ္ဘာ့နီသံကူကွန်ကရစ်တံတား ဆောက်လက်စအား ရပ်နားထားခဲ့သဖြင့် မည်သည့် ဘဏ္ဍာနှစ်တွင် ပြန်လည်တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါ– ကလေးလမ်း မိုင်တိုင် ၅၁ မိုင် ၄ ဖာလုံနှင့် ၅၁ မိုင် ၆ ဖာလုံ အကြားရှိ ကမ္ဘာ့နီတံတားအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁– ၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းရပ်ဆိုင်းခဲ့ပါ ကြောင်း၊ ကမ္ဘာ့နီတံတားအသစ်၏ လုပ်ငန်းရပ်နား သည့်အချိန်တွင် တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တံတားတည်ဆောက်ခြင်းလုပ်ငန်း၏ အောက်ခြေ အုတ်မြစ်လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ တံတားအပေါ်ထည် လုပ်ငန်းဖြစ်သည့် ကြိုတင်အားဖြည့်သံကူကွန်ကရစ် ရက်မ ၅ လုံး ထုတ်လုပ်ပြီးစီးပြီး ပေ ၃၀ သံကူ ကွန်ကရစ်ကြမ်းခင်း တစ်ခန်း ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါကြောင်း၊ ကမ္ဘာ့နီတံတား ကျန်ရှိသော တည်ဆောက်ရေးလုပ်ငန်းများအား လတ်တလော ပြန်လည်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် ဖြင့်အတည်ပြု၍ပေးပို့လာသော **“အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် **“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း”**တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ တင်ပြချက်အတိုင်း လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၂ ရက် တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၁**

တတိယအကြိမ် ကချင်ပြည်နယ် လွှတ်တော် စတုတ္ထပုံမှန်အစည်း အဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့ ပြည်နယ် လွှတ်တော်ရုံး လွှတ်တော်အစည်း အဝေးခန်းမ၌ကျင်းပရာ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအေး နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုကာ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး လွှတ်တော် ကိုယ်စားလှယ်များက စုစုပေါင်း မေးခွန်းရှစ်ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက မေးခွန်း များကို ပြန်လည်ရှင်းလင်းဖြေကြား ခဲ့ကြသည်။

ထို့နောက် မိုးကောင်းမြို့နယ် မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးနေလင်းစိုးက မြစ်ကြီးနား လေဆိပ် (ရန်ကုန်–မန္တလေး– မြစ်ကြီးနား–ပူတာအို) ခရီးသည် တင်လေယာဉ်ပြေးဆွဲမှု အကြိမ် ရေများ တိုးမြှင့်ဆောင်ရွက်ပေးနိုင် ရေးနှင့် ပြည်သူများ လေယာဉ် လက်မှတ်အလွယ်တကူ ဝယ်ယူ နိုင်ရေးတို့ကို စနစ်တကျစီမံဆောင် ရွက်ပေးရန် ပြည်နယ်အစိုးရ အဖွဲ့မှတစ်ဆင့် ပြည်ထောင်စု အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတစ်ခုကို တင်သွင်းရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ယင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော် တွင် လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်၏ အဆုံးအဖြတ် ကိုရယူကာ ဆွေးနွေးမည့် နေ့ရက် နှင့် ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ သည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ် လွှတ်တော် တတိယပုံမှန်အစည်း အဝေး စတုတ္ထနေ့တွင် တင်သွင်း ခဲ့သော ကချင်ပြည်နယ် သတ္တု အသေးစားနှင့်လက်လုပ်လက်စား လုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာကာ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ပထမနေ့ ကို ရပ်နားလိုက်ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**မုံရွာ အောက်တိုဘာ ၁**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးမျိုးသန့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၈၄ ဦးရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၇၄ ဦး တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ဆက်လက်၍ ကြယ်ပွင့်ပြမေးခွန်း ၁၂ ခုကို လွှတ်တော်ကိုယ်စား လှယ် ၁၂ ဦးက မေးမြန်းရာ သက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်း အဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ထာဝရကုသိုလ်ရယူဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးသောင်းရွှေ၏ **ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာတွင် တိမ်ကောနေသော ကန်ဦးရေကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကန်ဦးရေကန်သည် ဘုရားငါးဆူကျေးရွာ နယ်နိမိတ်အတွင်း တည်ရှိပြီး ကျေးရွာသောက်သုံးရေကန်မဟုတ်ဘဲ ကြွယ်လုလင်လေးကျေးရွာနှင့် ပင်ကတောကျေးရွာတို့၏ လယ်မြေများအတွက် စိုက်ပျိုးရေရယူအသုံးပြုသည့် ရေကန်ဖြစ်ပါကြောင်း၊ လယ်မြေဧက ၁၂၀ ခန့်အတွက် အကျိုးပြုပြီး ရေနေဧရိယာ ၂ ဒသမ ၃၆ ဧကခန့်နှင့် ရေနေ အနက် ပျမ်းမျှပေ ၂၀ ခန့်ဖြစ်ပြီး ချုံနွယ်များ ပိတ်ဆို့နေပါကြောင်း။

အဆိုပါရေကန်ကြောင့် စိုက်ပျိုးရေအပြင် မြေအောက်ရေအောင်းလွှာကို အထောက်အကူဖြစ်စေပြီး အနီးကျေးရွာများမှ တွင်းတိမ်များ၊ လက်တူးတွင်းများမှာ နွေရာသီရေပြတ်လပ်ခြင်း မရှိနိုင်ပါသဖြင့် ဒေသခံများအနေဖြင့် နှစ်စဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်ပါကြောင်း၊ ရေကန်ဧရိယာအတွင်းရှိနေသည့် ချုံနွယ်နှင့် အမှိုက်သရိုက်များ ဖယ်ရှားနိုင်ရေးအတွက် ကျေးရွာလူထုသို့ အသိပညာပေးဆွေးနွေးကာ ရှင်းလင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေကန်အား ပြုပြင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၂၀ ခန့် ရှိမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စုမှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ကျွဲဒပ်ကျေးရွာ ကျောက်ချုပ်ကျေးရွာအုပ်စုအထိ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့စေပြီး အများပြည်သူအကျိုးရှိစေမည့် အကွာအဝေး ၁၃ မိုင် ၂ ဖာလုံခန့်ရှိသော ကုန်စည်ပို့ဆောင်ရေးလမ်းမကြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်သို့ ဆက်သွယ်သောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် လမ်းပိုင်းနှင့်




ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပိုင်း နှစ်ခု ပါဝင်ပါကြောင်း။

ရွာငံမြို့နယ် ပဲရင်းတောင် – နန်းခုံ မြေသားလမ်း ၁ မိုင် ၄ ဖာလုံ အပိုင်းမှ ပျက်စီးလျက်ရှိသော ၄ ဖာလုံအား သွားလာမှု အဆင်ပြေစေရန်အတွက် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် စတင် ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ သာစည်မြို့နယ်အပိုင်းမှ ပျက်စီးလျက်ရှိသော မြေသားလမ်း ၅ မိုင် ၅ ဖာလုံသည် ပျမ်းမျှအကျယ် ၈ ပေခန့်သာရှိသော လမ်းဖြစ်ပါကြောင်း၊ နယ်မြေကွင်းဆင်း ဆောင်ရွက်ပြီးမှသာ တိုင်းဒေသကြီး ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သာစည်မြို့နယ် လမ်းပိုင်းဖြစ်သည့် လည်ခေါင်း – ကြပ်စခန်း လမ်းပိုင်း ၃ မိုင် ၁ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းဖြစ်ပါကြောင်း၊ မိတ္ထီလာ – သာစည် – တောင်ကြီးလမ်းနှင့် ကျေးရွာများသို့ တိုက်ရိုက် ချိတ်ဆက်သောလမ်းဖြစ်ပါကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းပိုင်းမှ ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ လက်ခုတ်ပင်၊ ပင်လယ်သက်၊ စကာ၊ ခံကုန်း၊ ပန်းလွှား၊ တောပုတ်ကုန်း၊ ဘုမ္မနိုးကျေးရွာများရှိ လမ်းအရှည် ၈၀၆၂ ပေရှိပြီး အကျယ် ၁၂ ပေရှိသော ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ခုတ်ပင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန်အတွက် လက်ရှိလမ်း အကျယ် ၁၂ ပေခန့်သာရှိပါကြောင်း၊ လိုအပ်သော လမ်းအကျယ် ပေ ၃၀ ပြည့်မီစေရန်အတွက် မြေနေရာရရှိရေးကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ဂျိုးဇာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရရှိသည့်အချိန်တွင် အကြိုအင်ဂျင်နီယာ လုပ်ငန်းများအား ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ် ခန့်မှန်းခြေတွက်ချက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနေရာလှူဒါန်းမှု မရရှိသေးခြင်း၊ နယ်မြေကွင်းဆင်း စစ်ဆေးနိုင်မှု မရှိသေးခြင်းတို့ကြောင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားအစား နှစ်ဖက်မော်တော်ယာဉ် သွားလာနိုင်သော အဆင့်မြင့် ချောင်းကူးတံတားအသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class–A အဆင့် လမ်းပေါ်တွင် တည်ရှိသည့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားဖြစ်ပါကြောင်း၊ အရှည် ၂၀၈ ပေ၊ အကျယ် ၇ ပေ၊ အမြင့် ၁၈ ပေရှိသော ကွန်ကရစ်တိုင် သံပေါင်ရက်မ C Channel ကြမ်းခင်းတံတားဖြစ်ပါကြောင်း။

လှည်းကူး – ဖောင်ကြီးလမ်းမဆီသို့ ဖောင်ကြီးအရှေ့ကျေးရွာ ကွန်ကရစ်လမ်းနှင့် ငမိုးရိပ်ဆည်သို့ သွားသော ကတ္တရာလမ်းမှလည်းကောင်း၊ ဖောင်ကြီးအနောက်ကျေးရွာ ဈေးအဝင် ကွန်ကရစ်လမ်းမှလည်းကောင်း အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း၊ လက်ရှိအချိန်တွင် လူကူးတံတားမှာ ကောင်းမွန်ခိုင်ခံ့နေပြီး ဆက်သွယ်ရေးပြတ်တောက်မှု မရှိသေးသဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန်ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေရှိ ယိုယွင်းပျက်စီးနေသော သစ်သားကြမ်းခင်းတံတားအစား ကြံ့ခိုင်မှုရှိသော သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းသည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (B) အဆင့်လမ်း ဖြစ်ပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ အရှည် ပေ ၁၂၀ ရှိသော သစ်သားကြမ်းခင်း တံတားဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ်တွင် INGO အဖွဲ့ဖြစ်သည့် World Vision မှ ကျေးရွာနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားကြမ်းခင်းတံတားအား ကျေးရွာမှ ငါးကြိမ်ခန့် ပြင်ဆင်ထိန်းသိမ်းထားသဖြင့် ယခုအချိန်တွင် သွားလာ၍ အဆင်ပြေလျက်ရှိသော်လည်း ခိုင်ခံ့မှု၊ စိတ်ချရမှု အားနည်းနေကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အလျား ပေ(၂၀၀)ရှိ "ထန်းတပင်ကြိုးတံတား" အား ပိုမိုကြံ့ခိုင်ကျယ်ဝန်းပြီး ဘေးအန္တရာယ် ကင်းရှင်းသော ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ထန်းတပင်ကျေးရွာနှင့် ချောင်းတွင်းကျေးရွာအကြား အင်းချောင်းအားဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်ခန့်က ဆောင်ရွက်ခဲ့သော ကြိုးတံတားဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှု ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလော သွားလာမှု အဆင်ပြေစေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အကျိုးပြုကျေးရွာ၊ စိုက်ကေတို့အရ လိုအပ်လျက်ရှိသဖြင့် ဘေလီတံတား တည်ဆောက်ရန် ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးခိုင်ဝင်းအောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝမှု၊ မိသားစုနှင့် နိုင်ငံတော်အတွက် တာဝန်ကျေပွန်ခဲ့မှု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးများတွင် ပါဝင်ဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုသည့် အခမ်းအနားတစ်ရပ်ဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနၥ္ဌကျင်းပရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပြောကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့၏ ဆောင်ပုဒ်မှာ "The Age of Longevity: Rethinking Systems for Longer Lives" "သက်ရှည်ကျန်းမာ ခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်" ဖြစ်ပါကြောင်း၊ ဤဆောင်ပုဒ်မှာ လူ့သက်တမ်းပိုမိုရှည်ကြာစွာ နေထိုင်လာနိုင်ခြင်းကို အောင်မြင်မှုတစ်ရပ်အဖြစ် အသိအမှတ်ပြုရုံသာမက အသက်ရှည်လာခြင်းနှင့်အတူ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုစောင့်ရှောက်မှုစနစ်များကိုလည်း ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အလေးထား ဖော်ပြထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကလေးသူငယ်များ၊ လူငယ်များနှင့် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အုပ်စုအကြားရှိသူများသည် အနာဂတ်ကာလတွင် သက်ကြီးပုဂ္ဂိုလ်များ ဘဝသို့ရောက်ရှိလာကြမည်ဖြစ်သောကြောင့် အနာဂတ်တွင်ကြုံတွေ့ရမည့် သက်ကြီးပုဂ္ဂိုလ်ဘဝအတွက် ကြိုတင်ပြင်ဆင်ကြရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် သက်ကြီးပုဂ္ဂိုလ်များ၏ အသက်အရွယ်နှင့်အညီ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိရေး၊ သက်ရှည်ကျန်းမာသော သက်ကြီးသူများဘဝရရှိရေး၊ သက်ကြီးများ တစ်ဦးတည်းနေထိုင်ရမှုကြောင့် အထီးကျန်ဆန်မှု မဖြစ်စေရန် သက်ကြီးပုဂ္ဂိုလ်များကို လူမှုအဖွဲ့အစည်းအတွက် တက်ကြွစွာ ပါဝင်ပံ့ပိုးနိုင်သူများအဖြစ် အသိအမှတ်ပြု ဆောင်ရွက်ပေးနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသခြင်း၊ အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများကို ဆေးဝါးပစ္စည်းများနှင့် ဂုဏ်ပြုငွေများပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ (နေပြည်တော်)မှ ဘိုးဘွားများက စွမ်းဆောင်ရည်ပြသဖျော်ဖြေခြင်းနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ၎င်းတို့ ထုတ်လုပ်ထားသည့် ဒေသထွက်ကုန်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းနှင့် ဇနီးနှင့်အတူ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## "အချစ်ပြက္ခဒိန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ အောက်တိုဘာ ၂ ရက် သောကြာနေ့ ညပိုင်းတွင် "အချစ်ပြက္ခဒိန်" တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် Dဖြိုး၊ ဂျင်းနီ၊ လီမွှေ်သီး၊ ကောင်းမိုးယံနှင့် ကြည်ဖြူခင်တို့က ဝသန်မိုးနှောင်းကာလနှင့် တော်သလင်းလပြည့်ကျော် အခါသမယတွင် တိမ်ညိုများလွင့်မျောပြီး မိုးရာသီကို နှုတ်ဆက်ရမည့်အချိန် ရင်းမပန်းတို့ အစီအရီ ဖူးပွင့်ထုံသင်းမွှေးမှုနှင့်အတူ အချစ်၊ အလွမ်းအမှတ်တရ တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"အချစ်ပြက္ခဒိန်" တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် အောက်တိုဘာ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

▲ *ကျော်ဖုံးမှ*

ဟံသာဝတီယူနိုက်တက်အသင်းတို့ တွေ့ဆုံမှုဖြစ်ပြီး နှစ်သင်းစလုံးက နောက်တစ်ဆင့် တက်ရောက်နိုင်ရန် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပွဲချိန် ၆၃ မိနစ်တွင် တိုက်စစ်မှူး သက်နိုင်ဦး က GALAXY အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့ပြီး ပွဲချိန် ၆၆ မိနစ်တွင် ပိုင်ဖေထွန်းက ဒုတိယအနိုင်ဂိုးကို ထပ်မံသွင်းယူခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်း ချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကြိုးစားခဲ့သော်လည်း GALAXY အသင်းခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို GALAXY အသင်းမှ သက်နိုင်ဦးက ရရှိခဲ့သည်။

ပွဲစဉ်(၁၇) နောက်ဆုံးပွဲစဉ်များကို အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ သစ္စာအားမာန်နှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ဗဟန်းကွင်း၌ ရတနာပုံနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ခတ်ပုံ–ML**

⁜ *ကျော်ဖုံးမှ*

ယှဉ်ပြိုင်ပြီး ၅–၇၊ ၇–၅၊ ၆–၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၆၄ ဦးအဆင့်တက်လှမ်းလာသူ ဖြစ်သည်။ ရီဘာကီနာသည် ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ယူအက်စ်အိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဘယ်လာရုစ် တင်းနစ်မယ် ဆာဘာယလင်ကာကို အကြိတ်အနယ် ယှဉ်ပြိုင်ကာ ဖလားဆွတ်ခူးထားသူဖြစ်သည်။ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲသည် ဒဗလျူတီအေ ၁၀၀၀ အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်ပြီး ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ရီဘာကီနာအပြင် ဆာဘာယလင်ကာ၊ ရီယွန်တက်ခ်၊ အန်ဒရေဗာ၊ ပါအိုလီနီ၊ ကာလင်စကာယာ စသည့် ထိပ်တန်းတင်းနစ်မယ်များ ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ **အောင်ဇော်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/၉လ**

❍ *ကျော်ဖုံးမှ*

ဝေယံရှိုင်း(သထုံ)၊ ၅၂ ကီလိုတန်းတွင် တိုးသက်(မြေပုံ) နှင့် သွေးထက်အောင်(ကရင်)၊ ၅၅ ကီလိုတန်းတွင် ချင်းဖိုက်တာ အော်ဂတ်စတင်းဗန်နှင့် ရှိုးရာလက်ဝှေ့ဖိုက်တာ ဝဏ္ဏကျော်(ကရင်) တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ **နေမျိုး ဓာတ်ပုံ–3MA**

❑ *ကျော်ဖုံးမှ*

ကမ္ဘောဒီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရာ မြန်မာ Esports အသင်းက ကမ္ဘောဒီးယားအသင်းကို ရလဒ် နှစ်ပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို အကောင်းဆုံး ယှဉ်ပြိုင်အနိုင်ယူကျော်ဖြတ်ခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ မလေးရှားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသဖြင့် အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော ဗိုလ်လုပွဲအဆင့်သို့ ဂုဏ်ယူဝင့်ကြွားစွာ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ Esports အသင်းသည် ဗိုလ်လုပွဲ ပွဲစဉ်အား Best of Seven ပွဲငယ် ခုနစ်ပွဲယှဉ်ပြိုင်ရာတွင် လေးပွဲ အနိုင်ရရှိမည့်အသင်းက ပထမဆုရရှိမည် ဖြစ်သည့်အတွက် မြန်မာ့လက်ရွေးစင် Esports အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲဦးထွက်မှစ၍ (Game 1 မှ Game 4 အထိ) ရှုံးပွဲမရှိ အကောင်းဆုံး လက်စွမ်းပြသ ဦးဆောင်ထားနိုင်ခဲ့ပြီး ရလဒ်လေးပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ကာ ပွဲစဉ်တစ်လျှောက်လုံး အမှားအယွင်းမရှိဘဲ ပြိုင်ပွဲကို ထိန်းချုပ်ကစားသွားနိုင်ခဲ့သဖြင့် ချန်ပီယံ ရွှေတံဆိပ်ဆုကို တိုက်ထိုက်တန်တန် အောင်မြင်စွာ ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB)ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုဖြင့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။ ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် မွန်ဂိုလီးယားအသင်းတို့က လည်းကောင်း ရရှိခဲ့သည်။

ယနေ့ မြန်မာ့လက်ရွေးစင် MLBB Esports Team Zanaka အသင်း ရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ Esports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် ပထမဦးဆုံး ရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

ယခုအောင်မြင်မှုသည် မြန်မာ Esports အသင်း၏ ကြိုးစားအားထုတ်မှု၊ မြန်မာ့ Esports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် Esports အားကစားသမားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေရုံသာမက နိုင်ငံတကာစင်မြင့်ထက်တွင် နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာ သီဆိုပြီး နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ဓာတ်ခွန်အားများစွာ ရရှိစေခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ကြေးတံဆိပ် တစ်ခု၊ ဝုရှုအားကစားနည်းမှ ကြေးတံဆိပ် တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ လေ့လှော်အားကစားနည်းမှ ကြေးတံဆိပ် နှစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ယခု ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း (၄၃) နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ကွန်ဒို၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့် ဘောလုံး(အမျိုးသမီး)စသည့် အားကစားနည်း ငါးနည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ တက်ကွန်ဒိုအားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခုနှင့် Esports အားကစားနည်းမှ ရွှေတံဆိပ် တစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံက အကြိမ် (၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ယနေ့အထိ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုရရှိထားသည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ (၄၅) နိုင်ငံအနက် နိုင်ငံအလိုက် အဆင့် (၂၂) တွင် ရပ်တည်နိုင်ခဲ့ပြီး ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်ပြီး အောင်မြင်မှု ပိုမိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးလုပ်ငန်းစုမှသည် ဖွံ့ဖြိုးရေးဆီသို့ ...

သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)

လူဦးရေအဆမတန်တိုးတက်မှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်သည် ယနေ့ကမ္ဘာကြီး၏ စားနပ်ရိက္ခာဖူလုံမှုတွင် အဓိကစိန်ခေါ်မှုဖြစ်လာပါသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေးကဏ္ဍအပေါ် ကြီးမားသောအကျိုးသက်ရောက်မှုရှိပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေစဉ် စားသုံးမည့် လူဦးရေ တစ်နေ့တခြား ပိုမိုတိုးပွားလာခြင်းက စားနပ်ရိက္ခာထုတ်လုပ်မှုကို သမားရိုးကျထုတ်လုပ်မှုဖြစ်စဉ်မှ ပိုမိုထုတ်လုပ်နိုင်မည့်စနစ်သို့ ပြောင်းလဲ၍ ထုတ်လုပ်ကြရန် ဖိအားပေးလျက်ရှိနေပါသည်။

ထုတ်လုပ်မှုပုံသဏ္ဌာန် ပြောင်းလဲမှုအဖြစ် စိုက်ပျိုးရေးကို ပေါင်းစည်းလုပ်ကိုင်သည့် လုပ်ငန်းစုပုံစံထုတ်လုပ်မှုသည် စားရေရိက္ခာဖူလုံရေးမှသည် ပို့ကုန်မြှင့်တင်နိုင်ရေးနှင့် နိုင်ငံ့စီးပွားတိုးတက်မှုရရှိနိုင်ရေးကို အထောက်အကူဖြစ်စေနိုင်ပါသည်။

**လုပ်ငန်းစုနှင့် လုပ်ငန်းစု ဖွံ့ဖြိုးတိုးတက်လာမှု**

လုပ်ငန်းစုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ သို့မဟုတ် ဒေသတစ်ခုအတွင်း တူညီသော နယ်ပယ်တစ်ခုရှိ လုပ်ငန်းများ၊ ပံ့ပိုးပေးသူများ၊ ဝန်ဆောင်မှုပေးသူများနှင့် စားသုံးသူများသည် ပထဝီနယ်မြေအနေအထားအရ အပြန်အလှန်ဆက်စပ်ဆောင်ရွက်ရန် ပေါင်းစည်းထားသည့် အဖွဲ့အစည်းဖြစ်ပါသည်။

လုပ်ငန်းစုဖွဲ့စည်းမှုဖြင့် လိုအပ်သောအရင်းအနှီးရရှိရုံသာမက ကုန်စည်ထုတ်လုပ်မှုနှင့်အတူ ယှဉ်ပြိုင်နိုင်စွမ်းကိုပါ တိုးတက်စေနိုင်သည်။ လုပ်ငန်းစုများ ဖွဲ့စည်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းမှ လိုအပ်သောသွင်းအားစုနှင့် နည်းပညာကို ခွဲဝေရရှိနိုင်သည့်အတွက် လုပ်ငန်းကို အဆင့်မြှင့်တင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်သည်။ လုပ်ငန်းစုဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးဖွံ့ဖြိုးမှု၏ အရေးကြီးသော လားရာတစ်ခုဖြစ်ပြီး မေခရိုစီးပွားရေးတည်ငြိမ်ရေး၊ ဈေးကွက်ဖန်တီးပေးရေးနှင့် ထုတ်လုပ်မှုစရိတ်လျှော့ချရေးတို့ကိုပါ အထောက်အပံ့ပြုပေးနိုင်မည်ဖြစ်ပါသည်။

**စိုက်ပျိုးရေး လုပ်ငန်းစု**

စိုက်ပျိုးရေးလုပ်ငန်းစုဆိုသည်မှာ တူညီသော ရည်မှန်းချက်ဖြင့် အကျိုးအမြတ်ကို မျှဝေခံစားရန် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်ဆက်နွှယ်နေသူများ အားလုံးပါဝင်သည့် လုပ်ငန်းအဖွဲ့ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းစုများ ထူထောင်ဆောင်ရွက်ခြင်းဖြင့် လယ်ယာစီးပွားဖွံ့ဖြိုးလာမည်ဖြစ်ပြီး ယင်းနှင့်အတူ စိုက်ပျိုးရေးကိုအခြေခံသော စက်မှုလုပ်ငန်းများလည်း တစ်ပါတည်း တိုးတက်လာစေမည်ဖြစ်ပါသည်။

**လုပ်ငန်းစု ဖွဲ့စည်းမှု**

လုပ်ငန်းစုတစ်ခုကို ဖွဲ့စည်းရာတွင် ရည်ရွယ်ချက်၊ လုပ်ငန်းသဘောသဘာဝနှင့် ပါဝင်သူများ၏ လိုအပ်ချက်များအပေါ်မူတည်၍ မတူညီသော ဖွဲ့စည်းပုံများကို ရွေးချယ်အသုံးပြုနိုင်သည်။ ယနေ့ခေတ်တွင် လုပ်ငန်းစုများကို ပိုမိုလွတ်လပ်သောပုံစံများဖြင့် ဖွဲ့စည်းလာကြသည်။ လုပ်ငန်းစုများကို သမဝါယမအသင်းအဖွဲ့များ၊ စီးပွားဖက်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများအဖြစ် ဖွဲ့စည်းနိုင်ပါသည်။

လုပ်ငန်းစုများ ဖွဲ့စည်းပုံကို ပုံစံအမျိုးမျိုးဖြင့် ဖွဲ့စည်းနိုင်သော်လည်း လုပ်ငန်းရည်ရွယ်ချက်နှင့် ကိုက်ညီသောပုံစံကို ရွေးချယ်ဖွဲ့စည်းနိုင်ခြင်းသည် လုပ်ငန်း၏အောင်မြင်မှုအတွက် အရေးကြီးသော အချက်တစ်ခုဖြစ်ပါသည်။

**ဆောင်ရွက်နိုင်သော အကြောင်းအရာများ**

လုပ်ငန်းစုများကို ဖွဲ့စည်းခြင်းသည် လုပ်ငန်းတစ်ခုချင်းစီ၏ အားသာချက်များကို ပေါင်းစည်းကာ ပိုမိုကြီးမားသော ရလဒ်များကို ရရှိစေနိုင်သော နည်းလမ်းတစ်ရပ်ဖြစ်သည်။ လုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာသည့်အခါ နည်းပညာ၊ အရင်းအမြစ်နှင့် အတွေ့အကြုံများကို မျှဝေသုံးစွဲနိုင်ခြင်းကြောင့် လုပ်ငန်းတိုးတက်မှုကို မြန်ဆန်စေသည်။ လုပ်ငန်းစုများ ဖွဲ့စည်း၍ အလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ ဈေးကွက်ရှာဖွေသော ကိစ္စရပ်များ၊ ပေါင်းစည်းစီမံခန့်ခွဲခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးအကျိုးထိရောက်မှုကို လေ့လာခြင်းတို့ ဆောင်ရွက်နိုင်ပါသည်။

> **“ လုပ်ငန်းစုတစ်ခု၏အောင်မြင်မှုနှင့် ရေရှည်တည်တံ့မှုသည် ယင်း၏ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှု အရည်အသွေးများပေါ်မူတည်နေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းစုတစ်ခုကို အောင်မြင်စွာ ဖွဲ့စည်းတည်ဆောက်ရန် ရှင်းလင်းသောရည်မှန်းချက်နှင့် ဦးတည်ချက်များရှိခြင်း၊ မူဘောင်ကို စနစ်တကျတည်ဆောက်ခြင်း၊ ကောင်းမွန်သော ဦးဆောင်မှုရှိခြင်း၊ ပြည်သူကိုကိုယ်စားပြုနိုင်ခြင်းနှင့် ပုံမှန်အစည်းအဝေးများကျင်းပခြင်း၊ ဦးစားပေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မတူကွဲပြားမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းတို့သည် အရေးကြီးသော အချက်များဖြစ် ”**

လုပ်ငန်းစုဖွဲ့စည်းခြင်းသည် ကဏ္ဍမျိုးစုံတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုကို မြှင့်တင်ပေးပြီး အရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်သဖြင့် လုပ်ငန်းများ၏ အောင်မြင်မှုနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**လုပ်ငန်းစုဖွဲ့စည်းမှု၏ အကျိုးအမြတ်များနှင့် ကောင်းကျိုးများ**

လုပ်ငန်းစုများကို ဖွဲ့စည်းခြင်းဖြင့် လုပ်ငန်းများ၏ အားသာချက်များကို ပေါင်းစည်းကာ ပိုမိုကြီးမားသော အောင်မြင်မှုများကို ရရှိစေနိုင်သည်။ လုပ်ငန်းတစ်ခုချင်းစီ၏ ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန်အတွက် လုပ်ငန်းစုဖွဲ့စည်းခြင်းသည် ထိရောက်သော နည်းလမ်းတစ်ခုဖြစ်ပြီး လုပ်ငန်းကြီးတစ်ခုကို စုဖွဲ့နိုင်ခြင်း၊ တစ်ဦးချင်းအနေဖြင့် လုပ်ကိုင်ရန်ခက်ခဲသော ကိစ္စများကို အုပ်စုဖြင့် လုပ်ကိုင်နိုင်ခြင်း၊ အပြန်အလှန်ထောက်ပံ့ပေးနိုင်ခြင်း၊ လုပ်ငန်းကြီးထုတ်လုပ်မှုကို ဖြစ်ပေါ်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအသိုက်အဝန်းကို ဖြစ်ပေါ်စေခြင်း၊ လူထုဆက်သွယ်ရေးကို ကောင်းမွန်စေခြင်း၊ ဒေသအမှတ်အသားကို ဖြစ်ပေါ်စေခြင်းနှင့် လုပ်ငန်းကြီးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

လုပ်ငန်းစုဖွဲ့စည်းခြင်းသည် စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍများတွင် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် အရေးပါသော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။

**စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေမည့် အစီအစဉ်များ**

စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံစီးပွားရေးအုတ်မြစ်ဖြစ်သကဲ့သို့ အစားအစာဖူလုံမှုနှင့် လူနေမှုဘဝတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်သော ဧရိယာဖော်ဆောင်ခြင်း၊ ဒေသသီးနှံများ ဝယ်ယူမှု/ရောင်းချမှု အစီအစဉ်ရေးဆွဲနိုင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းပြခန်းများ ဖော်ဆောင်ခြင်းတို့သည် စိုက်ပျိုးရေးလုပ်ငန်းစုဖွံ့ဖြိုးမှုကို ဖန်တီးပေးနိုင်ပါမည်။

စိုက်ပျိုးရေးလုပ်ငန်းစု ဖွဲ့စည်းခြင်းသည် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကဏ္ဍကို အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက်စေပြီး အစားအစာဖူလုံမှု၊ စီးပွားရေးတိုးတက်မှုနှင့် လူမှုဖွံ့ဖြိုးမှုတို့ကို တစ်ပြိုင်နက်တည်း အားပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။

**စိုက်ပျိုးရေးလုပ်ငန်းစုဖွဲ့စည်းရန် လိုအပ်ချက်များ**

လုပ်ငန်းစုတစ်ခု၏အောင်မြင်မှုနှင့် ရေရှည်တည်တံ့မှုသည် ယင်း၏ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှု အရည်အသွေးများပေါ် မူတည်နေပါသည်။ စိုက်ပျိုးရေးလုပ်ငန်းစုတစ်ခုကို အောင်မြင်စွာ ဖွဲ့စည်းတည်ဆောက်ရန် ရှင်းလင်းသော ရည်မှန်းချက်နှင့် ဦးတည်ချက်များရှိခြင်း၊ မူဘောင်ကို စနစ်တကျတည်ဆောက်ခြင်း၊ ကောင်းမွန်သော ဦးဆောင်မှုရှိခြင်း၊ ပြည်သူကိုကိုယ်စားပြုနိုင်ခြင်းနှင့် ပုံမှန်အစည်းအဝေးများကျင်းပခြင်း၊ ဦးစားပေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မတူကွဲပြားမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းတို့သည် အရေးကြီးသော အချက်များဖြစ်သည်။

**အောင်မြင်သော စိုက်ပျိုးရေးလုပ်ငန်းစု**

စိုက်ပျိုးရေးလုပ်ငန်းစု အဖွဲ့ဝင်များသည် ယေဘုယျအားဖြင့် ပထဝီအနေအထားအရ နီးနီးကပ်ကပ်တည်ရှိခြင်း၊ အကျိုးအမြတ်အား မျှဝေခံစားခြင်း၊ အခက်အခဲများကို ပူးပေါင်းဖြေရှင်းခြင်း၊ လုပ်သားအများအပြား အလုပ်ခန့်ထားနိုင်ခြင်း၊ လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးမှု အသိုက်အဝန်းကို လေးစားခြင်း၊ တိကျပြတ်သားစွာ စီမံခန့်ခွဲနိုင်ခြင်းတို့နှင့် ပြည့်စုံပါက လုပ်ငန်းစုသည် တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။

**စိုက်ပျိုးရေးလုပ်ငန်းစု အောင်မြင်နေသောဗီယက်နမ်နိုင်ငံ**

ယနေ့ ကမ္ဘာ့အဆင့်မြင့်ဆန်တင်ပို့သည့် နိုင်ငံတစ်ခုအဖြစ် တက်လှမ်းလာနိုင်ခဲ့သော ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် လယ်ယာပူးပေါင်းစနစ်၏ အောင်မြင်မှုနှင့် ချိတ်ဆက်နေသည်။ ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးသည် အဖွဲ့လိုက်စီမံခန့်ခွဲမှုနှင့် နည်းပညာပေါင်းစပ်အသုံးပြုမှုကြောင့် ထူးခြားသောတိုးတက်မှုကို ရရှိခဲ့သည်။

အစောပိုင်းကာလများတွင် လယ်သမားများသည် သီးခြားစီလုပ်ကိုင်ခဲ့ကြပြီး မျိုးစေ့အရည်အသွေးမတူညီခြင်း၊ ရေအသုံးပြုမှုစနစ်မပြည့်စုံခြင်းနှင့် ဈေးကွက်ဝင်ရောက်ရန် ခက်ခဲခြင်းများကြောင့် ထုတ်လုပ်မှုနှင့် ဝင်ငွေများ တိုးတက်မှုမရှိခဲ့ပါ။ ထိုပြဿနာများကို ဖြေရှင်းရန် အစိုးရနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက လယ်သမားများကို ပူးပေါင်းအဖွဲ့များအဖြစ် စုပေါင်းဖွဲ့စည်းရန် အားပေးခဲ့သည်။

ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းပြီးနောက် လယ်သမားများသည် မျိုးကောင်းမျိုးသန့်များကို အတူ ဝယ်ယူအသုံးပြုနိုင်ခဲ့ကြပြီး ရေအသုံးပြုမှုစနစ်ကို စနစ်တကျ တည်ဆောက်အသုံးပြုနိုင်ခဲ့သည်။ ထို့အပြင် စိုက်ပျိုးရေးနည်းပညာအသစ်များ၊ မြေဆီလွှာစီမံခန့်ခွဲမှုနည်းလမ်းများနှင့် ပိုးမွှားထိန်းချုပ်မှုနည်းလမ်းများကိုလည်း အဖွဲ့လိုက်လေ့လာပြီး အသုံးချနိုင်ခဲ့သည်။ အရင်းအမြစ်များနှင့် အတွေ့အကြုံများကို မျှဝေခြင်းကြောင့် ဆန်ထုတ်လုပ်မှုအရေအတွက်နှင့် အရည်အသွေးနှစ်မျိုးလုံး တိုးတက်လာခဲ့ပြီး ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးနိုင်ငံများထဲတွင် ပါဝင်လာ၍ နိုင်ငံ့ဝင်ငွေကို တိုးတက်စေခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ လယ်ယာပူးပေါင်းစနစ်သည် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်စေပြီး အရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်သည့်အပြင် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးခဲ့သည်။ ထိုအောင်မြင်မှုသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်း သင်ခန်းစာကောင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

**စားနပ်ရိက္ခာဖူလုံစေရေး၊ ပို့ကုန်မြှင့်တင်နိုင်စေရေး**

စိုက်ပျိုးရေးလုပ်ငန်းစုကို တိကျသောရည်မှန်းချက်၊ ကောင်းမွန်သောစီမံခန့်ခွဲမှု၊ မှန်ကန်သောစီမံကိန်းများရေးဆွဲပြီး ပါဝင်သူများအကြား အပြန်အလှန်နားလည်ယုံကြည်မှု၊ တန်ဖိုးထားမှုတို့ဖြင့် ပေါင်းစည်းဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရေး၊ ပို့ကုန်မြှင့်တင်နိုင်စေရေး၊ စက်မှုလုပ်ငန်းတိုးတက်စေရေးတို့ အားကောင်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**References;**


- FAO (Food and Agriculture Organization): Cooperative farming and agricultural development case studies; https://www.fao.org
- Ministry of Agriculture and Rural Development (MARD, Vietnam); *Annual Agricultural Reports.*


■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

၂၀၂၆ ခုနှစ် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိအားကစားခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများပြောကြားပြီး တာဝန်ရှိသူများက ရဲချုပ်၏သဝဏ်လွှာကိုဖတ်ကြားကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအားကြည့်ရှုကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှု ဆုရရှိခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ဆုတံဆိပ်များ ပေးအပ်စဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပုလဲဧကရီခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး အမှာစကားပြောကြားစဉ်။ သတင်းစဉ်



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း ဆုရတပ်ဖွဲ့ဝင်များအား အမှုထမ်းကောင်းလက်မှတ်နှင့် ဆုငွေများ ပေးအပ်စဉ်။ စည်သူ(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ထူးဆောင်တံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်စဉ်။ မောင်ခိုင်မင်း(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား အမှုထမ်းကောင်းလက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# ကသာမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားပြုလုပ်

**ကသာ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက သက်ကြီးဘိုးဘွားများအား စုပေါင်းကန်တော့ကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်ရန် ကျန်ရှိခဲ့သည့် ရပ်ကွက်၊ ကျေးရွာများမှ သက်ကြီးပုဂ္ဂိုလ် ၈၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၈၅၀၀၀၀ ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်က ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လှနွယ်ထံ လွှဲပြောင်းပေးအပ်ပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနက တက်ရောက်လာကြသည့် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာများအား စားဖွယ်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**



သစ်ပင်စိုက်မှ
အရိပ်ရ၏။
ရိပ်ခိုနားနေ
အပန်းဖြေ၏။

## ကမ္ဘာ့တောင်ပိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၄ ကို ကိုင်ရိုမြို့၌ ကျင်းပ



**ကိုင်ရို အောက်တိုဘာ ၁**

ကမ္ဘာ့တောင်ပိုင်းဒေသများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဉာဏ်ရည်တုနည်းပညာ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများဟူသည့် ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့တောင်ပိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယမန်နေ့က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကျင်းပခဲ့သည်။

အဆိုပါဖိုရမ်သို့ နိုင်ငံနှင့်ဒေသပေါင်း ၃၀ နီးပါးမှ ပညာရှင်များနှင့် ကျွမ်းကျင်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဖိုရမ်တွင် ပါဝင်ဆွေးနွေးသူများက ဉာဏ်ရည်တု (AI) နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများသည် ကမ္ဘာ့တောင်ပိုင်းဒေသများ၏ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြီးမားသည့်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သော်လည်း AI အသုံးပြုမှုနှင့် ပတ်သက်သည့် အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း ဆွေးနွေးခဲ့ကြသည်။

တက်ရောက်သူများက AI သည် လူသားအားလုံး၏ ဘုံအကျိုးစီးပွားဆိုင်ရာ အရင်းအမြစ်တစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများအနေဖြင့် AI ကို အသုံးချကာ စက်မှုလုပ်ငန်းနှင့် ကဏ္ဍအသီးသီးကို အားကောင်းစေပြီး ပြည်သူများ၏ လူမှုဘဝကောင်းမွန်အောင် မြှင့်တင်နိုင်ရန်အတွက် သမိုင်းဝင် အခွင့်အလမ်းကို လက်လွှတ်မခံဘဲ အခွင့်အရေးအဖြစ် ရှုမြင်ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့ကြသည်။

**ဆင်ဟွာ**

## ဘရာဇီးနှင့်အမေရိကန်တို့ အခွန်စည်းကြပ်မှုနှင့်ပတ်သက်၍ ပူးတွဲလုပ်ငန်းဆောင်ရွက်ရန် သဘောတူ

**ရီယိုဒီဂျနေရိုး အောက်တိုဘာ ၁**

ဘရာဇီးကုန်ပစ္စည်းများအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုနှင့် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စရပ်များကို ဆွေးနွေးရန်အတွက် ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် ဘရာဇီးနှင့်အမေရိကန်တို့ သဘောတူခဲ့ကြသည်ဟု ဘရာဇီးနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဝန်ကြီးဌာနက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။

အဆိုပါသဘောတူညီမှုသည် အမေရိကန်နိုင်ငံ ဝစ္စကွန်ဆင်ပြည်နယ်၌ ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး မော်ရိုဗီအဲရာ၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုဝန်ကြီး မာဆီယို အလိုင်းအက်စ်ရိုဆာနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ဂျေမီဆန်ဂရီယာတို့ကြား ဆွေးနွေးမှုများအပြီးတွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ၎င်းတို့သည် ဂျီ-၂၀ ကုန်သွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲတွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။

အမေရိကန်သည် လာမည့်သီတင်းပတ်များအတွင်း ဆွေးနွေးညှိနှိုင်းမှုများတွင်ပါဝင်မည့်အကောက်ခွန်နှင့်အခြားကုန်သွယ်ရေးအတားအဆီးများအပါအဝင် ဆွေးနွေးမှုအတိုင်းအတာနှင့် ပတ်သက်၍ အဆိုပြုချက်ကို တင်သွင်းမည်ဟု ခန့်မှန်းရသည်ဟု ဝန်ကြီးဌာနက ပြောသည်။

ဘရာဇီးနိုင်ငံ၏ အကျိုးစီးပွားနှင့် နှစ်နိုင်ငံစလုံး၏ စီးပွားရေးအခွင့်အလမ်းများကို ချဲ့ထွင်ရန် ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် အဖြေရှာရန် ဆန္ဒရှိကြောင်း ဘရာဇီးဝန်ကြီးများက ပြောသည်။ **ဆင်ဟွာ**

## ရေကြီးမှုကြောင့် ဘန်ကောက်လေဆိပ်၌ ခရီးဆောင်အိတ် အမြောက်အမြား ရှုပ်ထွေးမှုဖြစ်ပေါ်



**ဘန်ကောက် အောက်တိုဘာ ၁**

လွန်ခဲ့သည့်သီတင်းပတ်မှစတင်ကာ ထိုင်းနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုကြောင့် သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး၌ လုပ်ငန်းဆောင်တာများ ဆိုးရွားစွာ အနှောင့်အယှက် အဟန့်အတား ဖြစ်ပေါ်လျက်ရှိသည်။ အချို့သော လူများမှာ ရက်အနည်းငယ်ကြာသော်လည်း လေဆိပ်အတွင်းရှိ ၎င်းတို့၏ ခရီးဆောင်အိတ်များကို ပြန်လည်ရွေးယူနိုင်ခြင်း မရှိသေးချေ။

ရေကြီးမှုကြောင့်ဝန်ထမ်းအချို့ လုပ်ငန်းခွင်သို့ လာရောက်နိုင်ခြင်း မရှိဟု ထိုင်းအဲဝေးက ပြောသည်။ ကုမ္ပဏီက အဆိုပါအခြေအနေကို ဖြေရှင်းရန်အတွက် လေယာဉ်ဆိုက်ရောက်ခန်းမအတွင်း ယာယီကောင်တာများ ဖွင့်လှစ်ထားသည်။ သို့သော်လည်း စက်တင်ဘာ ၃၀ ရက်အထိ ပိုင်ရှင်များ လာရောက် မယူရသေးသည့် ခရီးဆောင်အိတ် ၈၀၀၀ ခန့် ကျန်ရှိနေသေးသည်။

သို့သော်လည်း ခရီးဆောင်အိတ်များကို လာရောက်ရှာဖွေယူနေကြသည့် ခရီးသည်များလည်း ရှိသည်။ လွန်ခဲ့သည့် သုံးရက်က ထိုင်းနိုင်ငံသို့ လာရောက်ခဲ့သည့် သူငယ်ချင်းအစား အိတ်ရွေးရန် လာခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားတစ်ဦးက ပြောသည်။ ယခုကဲ့သို့ အခြေအနေမျိုး ကြုံတွေ့ခဲ့ဖူးခြင်း မရှိဟု ၎င်းက ဆက်ပြောသည်။

ထိုင်းအဲဝေးသည် ပြည်တွင်း ပြည်ပ ခရီးစဉ်များကို ဖျက်သိမ်းထားပြီး အခြေအနေများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်ရန် ရက်အတန်ကြာဦးမည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံ အစ်စလမ် ကာလာနယ်စပ်၌ မီးလောင်မှုကြောင့် လောင်စာဆီတင်ယာဉ် ၁၈ စီးထက်မနည်း ပျက်စီး



**ကဘူးလ် အောက်တိုဘာ ၁**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း ဟီရတ်ပြည်နယ်၌ စက်တင်ဘာ ၃၀ ရက်ညနေပိုင်းက အစ်စလမ်ကာလာ နယ်စပ်ဖြတ်ကျော်ရာနေရာ၌ ပြင်းထန်သည့် မီးလောင်မှု ဖြစ်ပွားခြင်းကြောင့် လောင်စာဆီတင် ယာဉ် ၁၈ စီးထက်မနည်းမီးလောင်ခဲ့ပြီး အခြားသုံးစီးမှာ တစ်ဝက်တစ်ပျက် ပျက်စီးသွားခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က အောက်တိုဘာ ၁ ရက်တွင် ကြေညာခဲ့သည်။

မီးသတ် တပ်ဖွဲ့များက မီးလောင်မှုကို အလျင်အမြန်ငြှိမ်းသတ်နိုင်ခဲ့ပြီး မီးကူးစက်လောင်ကျွမ်းခြင်းမှ တားဆီးနိုင်ခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးဘဲ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနိုင်ငံ၏ သက်ကြီးရွယ်အို လူဦးရေ ၂၁ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိလာ

**ဆိုးလ် အောက်တိုဘာ ၁**

တောင်ကိုရီးယားနိုင်ငံ၌ သက်ကြီးရွယ်အိုလူဦးရေ အရေအတွက် လျင်မြန်စွာ များပြားလာချိန်တွင် သက်ကြီးရွယ်အိုဦးရေမှာ လူဦးရေစုစုပေါင်း၏ ၂၁ ဒသမ ၆ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်ဟု စာရင်းအင်းဝန်ကြီးဌာန၏ အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။

အသက် ၆၅ နှစ်နှင့်အထက် လူဦးရေမှာ ၂၀၂၄ ခုနှစ်တွင် ၁၁ ဒသမ ၁၂၅ သန်းရှိပြီး နိုင်ငံစုစုပေါင်း လူဦးရေ၏ ၂၁ ဒသမ ၆ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

၂၀၃၆ ခုနှစ်သို့ ရောက်လျှင် သက်ကြီးရွယ်အိုလူဦးရေမှာ ၃၀ ရာခိုင်နှုန်းရှိလာမည်ဖြစ်ပြီး ၂၀၅၀ ခုနှစ်အရောက်တွင် ၄၀ ရာခိုင်နှုန်းအထိ ရှိလာမည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

## ကမ္ဘာ့ဘဏ်က သီရိလင်္ကာရှိ မုန်တိုင်းဒဏ်သင့် လမ်းများအတွက် ဒေါ်လာ သန်း ၁၁၀ ကူညီမည်

**ကိုလံဘို အောက်တိုဘာ ၁**

ကမ္ဘာ့ဘဏ်သည် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ဆိုးရွားစွာပျက်စီးခဲ့သည့် လမ်းကီလိုမီတာ ၆၀၀ ကို ပြုပြင်ရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် သီရိလင်္ကာနိုင်ငံအား ကူညီရန် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ကို စက်တင်ဘာ ၃၀ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။

ငွေကြေးထောက်ပံ့ပေးမှုတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် အဆိုးရွားဆုံးထိခိုက်ခဲ့သည့် လူမှုအသိုက်အဝန်းများရှိ ဈေးများ၊ ကျောင်းများနှင့် ကျန်းမာရေးအဆောက်အအုံများသို့ သွားလာနိုင်ရေးအတွက် လမ်းများပြန်လည်ကောင်းမွန်လာစေရန် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က သတင်းထုတ်ပြန်ချက်တွင် ပြောကြားသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် သီရိလင်္ကာနိုင်ငံရှိ ခရိုင် ၂၅ ခုစလုံးတွင် လူပေါင်းနှစ်သန်းနီးပါး ထိခိုက်ခဲ့ရပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံခန့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံလေဆိပ်များသည် ပထမကိုးလအတွင်း ခရီးသည် ၁၀၂ သန်းနီးပါးကို ဝန်ဆောင်မှုပေး

**ဟနွိုင်း အောက်တိုဘာ ၁**

ဗီယက်နမ်နိုင်ငံ၏ လေဆိပ်များသည် ၂၀၂၄ ခုနှစ် ပထမကိုးလအတွင်း ခရီးသည် ၁၀၂ သန်းနီးပါးကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယမန်နှစ်ထက် ၁၂ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်ကြောင်း ဗီယက်နမ်အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက အောက်တိုဘာ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

နိုင်ငံတကာခရီးသည် သွားလာမှုမှာ အဆိုပါ ကာလအတွင်း ၃၉ သန်းကျော်ရှိရာ ယမန်နှစ်ကထက် ၁၄ ရာခိုင်နှုန်းတိုးလာကြောင်းနှင့် ပြည်တွင်းခရီးသည်သွားလာမှုမှာ ၆၂ သန်းကျော်ရှိရာ ၁၁ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ အဆိုပါ ကာလအတွင်း လေကြောင်းဖြင့် သယ်ယူပို့ဆောင်သည့် ကုန်ပစ္စည်းပမာဏမှာ တန်ချိန် ၁ ဒသမ ၄ သန်းရှိရာ ယမန်နှစ်ထက် ၁၀ ရာခိုင်နှုန်းကျော် တိုးမြင့်လာကြောင်း သိရသည်။ ဗီယက်နမ် လေကြောင်းလိုင်းများသည် ယင်းကာလအတွင်း နိုင်ငံတကာခရီးသည် ၁၅ သန်းနီးပါးနှင့် ပြည်တွင်းခရီးသည် ၃၁ သန်းကျော် အပါအဝင် ခရီးသည်စုစုပေါင်း ၄၆ သန်းကျော်ကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## အစ္စရေးသို့ ပျံသန်းလာသော လေယာဉ်ကို လေယာဉ်မှူးက ပျက်ကျအောင် ကြိုးပမ်းခဲ့ဟု နေတန်ယာဟု ပြော

**ဂျေရုဆလင် အောက်တိုဘာ ၁**

အာရပ်စော်ဘွားများပြည်ထောင်စု (UAE) မှ အစ္စရေးနိုင်ငံသို့ ပျံသန်းလာသည့် လေယာဉ်တစ်စင်းသည် ပြန်ပေးဆွဲခံရနိုင်ခြေရှိကြောင်း အချက်ပေးသည့် အရေးပေါ်အချက်ပြမှု ထုတ်လွှင့်ခဲ့ပြီးနောက် ယမန်နေ့က အရေးပေါ်ဆင်းသက်ခဲ့ရသည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ယင်းဖြစ်ရပ်ကို ဆိုးရွားသည့်လုံခြုံရေးဖြစ်ရပ်ဟု ပြောကြားသည်။

နေတန်ယာဟုက လေယာဉ်ပေါ်ရှိ ခရီးသည်အများစုမှာ အစ္စရေးနိုင်ငံသားများဖြစ်ကြောင်း၊ လေယာဉ်သည် အစ္စရေးနိုင်ငံအနီးသို့ ရောက်ရှိလာချိန်တွင် လေယာဉ်မှူးတစ်ဦးက အခြားလေယာဉ်မှူးတစ်ဦးကို ဓားဖြင့်ထိုးခဲ့ပြီး ခရီးသည်များပါဝင်သည့် လေယာဉ်ကို ပျက်ကျအောင် ကြိုးပမ်းခဲ့ပုံရကြောင်း ပြောကြားခဲ့သည်။ နေတန်ယာဟု၏ ပြောကြားချက်အရ Flydubai လေယာဉ်ပေါ်တွင် ခရီးသည်တစ်ဦးနှင့် လေယာဉ် ဝန်ထမ်းတစ်ဦးတို့က တိုက်ခိုက်သူကို ဝိုင်းဝန်းထိန်းချုပ်ခဲ့ကြပြီး အခြားလေယာဉ်ဝန်ထမ်းများကလည်း လေယာဉ်မောင်းခန်းအတွင်း ဝင်ရောက်ကာ လေယာဉ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြကြောင်း သိရသည်။ ထို့နောက် လေယာဉ်ကို ဆော်ဒီအာရေဗျနိုင်ငံဘက်သို့ လမ်းကြောင်းပြောင်းကာ ဆင်းသက်ခဲ့ကြောင်းနှင့် ဆော်ဒီအာရေဗျအာဏာပိုင်များက တိုက်ခိုက်သူကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ ဖြစ်ရပ်နောက်ကွယ်ရှိ ရည်ရွယ်ချက်ကို ဆက်လက်စုံစမ်း စစ်ဆေးနေဆဲဖြစ်ကြောင်း ထုတ်ပြန်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**


အဖွဲ့ခေါင်းဆောင်ဦးဆောင်သောအဖွဲ့မှ မလေးရှားနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများအား လက်ခံကြိုဆိုခြင်း။


နေရပ်ပြန်ခရီးသည်များ ရေယာဉ်ပေါ်သို့မတက်မီ မြန်မာနိုင်ငံတော်အလံအား ဦးခိုက်ခြင်း။


နေရပ်ပြန်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခြင်း။


နေရပ်ပြန်ခရီးသည်များအား အထပ်လိုက် နေရာချထားပေးခြင်း။


ခရီးသည်များ အပျော်တမ်းဂိမ်းကစားခြင်း။


နေရပ်ပြန်ခရီးသည်များ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း ဆောင်ရွက်ခြင်း။

■ *ကျော့ဖုံးမှ*

လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသော မြန်မာနိုင်ငံသား ၁၄၇၆ ဦးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး(ကြည်း၊ ရေ၊ လေ)တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက်၊ စစ်ရေယာဉ်များသည် စက်တင်ဘာလ ၂၉ ရက်နေ့ ညပိုင်းတွင် မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာမှုအား သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများကနွေးထွေးစွာကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် နှစ်သက်ရာ Game များကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ရေယာဉ်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေပြင်ပိုင်နက်သို့ စတင်ချင်းနင်း ဝင်ရောက်ချိန်တွင် အမိနိုင်ငံရေမြေနှင့် ကာလအတန်ကြာ ဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အကြီးအကဲနှင့် တပ်မတော်အကြီးအကဲများက မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်း သတင်းစကားပါးမှုအပေါ် သင်္ဘောပေါ်တွင် လိုက်ပါလာသော ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို ဖေါ်ထုတ်ပြသခဲ့ကြကြောင်း၊ ခေါ်ယူရေးစီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ ကြီးမားသောမေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသော တာဝန်ရှိသူများအားလုံးကို အထူး ကျေးဇူးတင်လျက်ရှိကြကြောင်းလည်း သိရှိရပါသည်။

အဆိုပါစစ်ရေယာဉ်များသည် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးအတွက် ဆိပ်ကမ်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် မိသားစုဝင်များက အသင့်စောင့်ကြို၍ နေရပ်အသီးသီးသို့ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း၊ မိမိနိုင်ငံအတွင်း၌ပင် မိသားစုများနှင့် အေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လိုအပ်သည်များ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

**အင်တာဗျူး (၁)**

ဟိုမှာ အလုပ်သွားလုပ်တာပါ။ ကြာပါပြီ ၁၉၉၉ ခုနှစ် ကတည်းက ရောက်တာပါ။ အကြောင်းအမျိုးမျိုးကြောင့် ပြဿနာတက်ပြီးတော့ ဖမ်းဆီးခံရပြီးတော့ ပြန်လာတာပါ။တိုင်းရင်းသားတွေ ထောင်ထဲမှာရော ဒီထိန်းသိမ်းရေးစခန်းမှာ လူပေါင်းများစွာလည်း ကျန်ရှိပါသေးတယ်။ပြန်ခေါ်နိုင်အောင် ကြိုးစားပေးပါလို့။ အမိမြေနဲ့ ခွဲခွာသွားတာလည်း ကြာပြီလေ လူတွေက အများကြီးပဲ စိတ်ထိခိုက်တယ်။ ဘာသာစကားမတတ် အင်္ဂလိပ်ဘာသာစကား၊ တရုတ်ဘာသာစကား မတတ်တဲ့အတွက်လည်း လူတွေဒုက္ခအမျိုးမျိုး ရောက်ရတယ်။ သူများနိုင်ငံသွားရင် သူများဘာသာစကားတတ်မှ သူများနိုင်ငံရဲ့ ယဉ်ကျေးမှုကိုလေ့လာမှ မလေးရှားနိုင်ငံသားတွေက ချစ်တာပါ။ ကိုယ့်နိုင်ငံလည်း ကိုယ့်နိုင်ငံလာရင် ကိုယ့်ဘာသာစကားကို ကိုယ်တတ်အောင်သင်မှ သူများနိုင်ငံမှာလည်း ယဉ်ကျေးမှုတွေ သူ့အလိုက်ထိုက် နေတတ်အောင်လည်း နေကြပါလို့ ကျွန်တော်ပြောချင်ပါတယ်။ Camp တွေက ဖမ်းမိပြီး မြန်မာသံရုံးကို လွှဲပေးတယ်။ မြန်မာသံရုံးကနေပြီးတော့ ဒီဘက် မြန်မာနိုင်ငံလက်ထဲကို ပြန်ခေါ်ပေးတာပါ။ ဒီမှာ တိုင်ရင်လည်း ဖမ်းဆီးခံရတယ်။ မှန်တာပဲဖြစ်စေ မမှန်တာပဲဖြစ်စေ ဒီနိုင်ငံမှာ တစ်နှစ်တစ်ခါ ပါမစ်ရှိတယ်၊ သုံးနှစ်တစ်ခါ ပါမစ်ရှိတယ်။ ပါမစ်တွေက သက်တမ်းတိုးမှ ကျွန်တော်တို့က နေထိုင်ခွင့်ရတာ။ သူတို့နိုင်ငံမှာ အခွန်မဆောင်တဲ့အတွက် မလေးရှားက လဝကဥပဒေနဲ့ ကျွန်တော်တို့ မိတယ်။ အခုလိုပြန်လာရတာ ဝမ်းသာတာပေါ့။ မိသားစုနဲ့ သားကွဲမယားကွဲ ညီအစ်ကိုမောင်နှမတွေ၊ အဘိုးအဘွားတွေနဲ့လည်း တွေ့ချင်တာပေါ့။ ကျွန်တော်တို့ကို အခုလို ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲရော ဒီလိုလုပ်ပေးတဲ့အတွက် လူတစ်ယောက်တည်း မဟုတ်ဘူး လူပေါင်းထောင်ချီ လုပ်ပေးတဲ့အတွက် သိန်းပေါင်းများစွာလည်း ကုန်တာလည်း ကျွန်တော်တို့ သိတယ်။ ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့ ခံစားလို့ရတယ်။ ဘယ်လိုဘယ်လို လုပ်ပေးရတယ်ဆိုတာ၊ အကုန်လုံးကိုလည်း ကျေးဇူးတင်တယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ လဝကတို့ ဒီဘက်ရေတပ်၊ အင်ဂျင်နီယာတပ်တွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။

**အင်တာဗျူး (၂)**

ကျွန်တော် ရမ်းဗြဲကနေပြီးတော့ ရန်ကုန်တက်တယ်။ ရန်ကုန်ကနေ မော်တောင်၊ မော်တောင်ကတစ်ဆင့် ကျွန်တော် မလေးရှားတက်တယ်။ အခက်အခဲတွေကတော့ ကြုံရတာပေါ့။ ဒါပေမဲ့ မလေးရှားရောက်တော့လည်း ဟိုအလုပ်ဒီအလုပ် အဆင်မပြေတာတွေက များတယ်။ သူဌေးတွေက အများကြီးဆိုးတယ်။ အဲဒါတွေ အဆင်မပြေဖြစ်ခဲ့တယ်။ ကျွန်တော်တို့တွေက ဆင်းရဲတော့ နည်းနည်းအခက်အခဲတွေက များတယ်။ အဲ့ဒါကြောင့် ကျွန်တော် မလေးရှားတက်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြန်ရောက်တော့ မယ်ဆိုတော့ ပျော်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့လူတွေကတော့ နည်းနည်း အခက်အခဲရှိနေတယ်။ ဘာလို့လဲဆိုတော့ ဒီက မြန်မာတွေက အကုန်ထွက်လာတော့ မြန်မာတွေ ကျန်ခဲ့တဲ့သူတွေကို နှိပ်စက်နေတာတွေ၊ ရိုက်တာတွေ ခံနေရတာတော့ စိတ်မကောင်းဖြစ်ရတာပေါ့။ အကုန်လုံး ကျေးဇူးတင်ပါတယ်။ လာခေါ်တဲ့လူတွေရော အကုန်လုံး ကျေးဇူးအများကြီးတင်ပါတယ်။

**အင်တာဗျူး (၃)**

မလေးရှားရောက်တာ သုံးနှစ်လောက်ရှိပါပြီ။ အောက်လမ်းကနေပဲ လာတာပါ။ ကော့သောင်းကနေပြီးတော့ မလေးရှားကိုဝင်တယ် ဝင်ပြီးတော့ ဟိုရောက်တော့ ကျွန်တော်ကားဝပ်ရှော့ပေါ့၊ ကားဝပ်ရှော့ လုပ်ရတယ်၊ အလုပ်အကိုင်လည်း အဆင်မပြေပါဘူး။ အထောက်အထားမရှိလို့ လဝကတွေ တော်တော်များများ ဖမ်းကြပါတယ်။ လဝကရောက်မှပဲ အထဲမှာ ခြောက်လလောက်ကြာတယ်။ ပြီးတော့မှ ဒီကျွန်တော်တို့ မြန်မာနိုင်ငံက ပြန်လာခေါ်တော့ ဒီမှာ လိုက်ပါလာပါတယ်။ ဘာလို့လဲဆိုတော့ အထဲမှာ တော်တော်နေရတာ၊ စားရတာ စိတ်ဆင်းရဲတယ်။ ပင်ပန်းတယ်။ သံရုံးက ပြန်ရတော့မယ်ပြောတော့ ဒီတစ်လလောက် ကျွန်တော်တို့ တော်တော်ပျော်ကြတယ်။ ပြန်ရမှာလား၊ မပြန်ရမှာလား အတိအကျမသိသေးဘူး ပျော်နေကြတယ်။ ပြန်ရမယ့်ညဆို တစ်ညလုံး အိပ်လို့မပျော်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ်က မြန်မာပြည် ပြန်ရောက်တော့မှာမို့လို့ အပြင်မှာနေတုန်းကတော့ ဘာမှမဖြစ်ဘူး။ အထဲရောက်မှ အနေဆင်းရဲတယ်၊ အစားဆင်းရဲတယ်၊ ထွက်လာမိတာကို နောင်တတွေ အများကြီးရမိပါတယ်။

မလေးရှားကနေထွက်လာပြီးတော့ ကျွန်တော်တို့ သင်္ဘောဆိပ်ရောက်တော့ မြန်မာ့အလံကို မြင်တာနဲ့ စိတ်ထဲမှာ မျက်ရည်တောင်ကျမိပါတယ်ဗျ။ ဒါကတော့ ပြောပြလို့မတတ်အောင် ပျော်ပါတယ်ဗျ။ ဒီမနက်က အထက်အရာရှိတွေက မြန်မာပိုင်နက်ထဲရောက်ပြီဆိုတာနဲ့ အော်ပေးတယ်၊ ကိုယ့်အိမ်ကိုယ့်ရာ ရောက်သလိုပါပဲ၊ ငိုတဲ့လူလည်း ငိုကြပါတယ်။ ကိုယ့်အိမ်ကိုယ့်ရာ ရောက်ပြီဆိုတော့ ပျော်ကြတာပေါ့။ သင်္ဘောပေါ်မှာ အစစအရာရာ အဆင်ပြေအောင် တာဝန်ရှိသူတွေက လုပ်ထားပေးပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ဌာနဆိုင်ရာအသီးသီးမှ လာခေါ်ပေးတဲ့ တာဝန်ရှိတိုင်းဒေသကြီးအစိုးရတွေ၊ ဒီသင်္ဘောပေါ်မှာရှိတဲ့ အရာရှိတွေ အားလုံးကိုလည်း ရင်ထဲက အတိုင်းမသိ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျ ဟု ပြောကြားသည်။

(၁၀၀)









# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများဖွင့်လှစ်သင်ကြား



**နေပြည်တော် အောက်တိုဘာ ၁**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာ သင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၌လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း နယ်မြေခံ သင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ် အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေး တပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်း တာဝန်ခံ အရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ်အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာ သင်တန်းနှင့် ပထမနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ကို အသီးသီးဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဖြူးဘိုးဘွားရိပ်သာ၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**ဖြူး အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးဘိုးဘွားရိပ်သာ၌ ကျင်းပရာ အခမ်းအနားတွင် ဖြူးဘိုးဘွားစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးကိုကိုမောင်က ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးကြသည့် အလှူရှင် စေတနာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ အဘိုး ၁၀ ဦး၊ အဘွား ၂၆ ဦး စုစုပေါင်း ၃၆ ဦးတို့အား ကံစမ်းမဲဖောက်ပေးခြင်း အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်းနှင့် အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်၊ စေတနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အသိပညာပေးဟောပြောခြင်းနှင့် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေး

**စလင်း အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ (၂၀)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြောခြင်းကို အဆိုပါရုံး၌ စက်တင်ဘာ ၂၈ ရက်က ပြုလုပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ အောင်သူရက ကမ္ဘာ့ကပ်ရောဂါဖြစ်နိုင်သည့် ရောဂါများ အပါအဝင် တိရစ္ဆာန်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများ ကာကွယ်ထိန်းချုပ်ရန် အရေးပါပုံများနှင့် ခွေးရူးပြန်ရောဂါသည် ကြောက်စရာကောင်းသည့် ရောဂါတစ်ခုဖြစ်ကြောင်း ရှောင်ရန်/ဆောင်ရန်အချက်များ အိမ်မွေးတိရစ္ဆာန်နှင့်ပတ်သက်၍ ဟောပြောခဲ့သည်။



ထို့နောက် ခွေးရူးရောဂါ ကာကွယ်ဆေးများကို မြို့ပေါ်(၈)ရပ်ကွက်မှ ခွေးကောင်ရေ ၁၀၀ အား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံခဲ့ပြီး တက်ရောက်လာကြသည့် ရပ်ကွက်များမှ ပြည်သူ ၃၀ တို့အား ခွေးရူးပြန်ရောဂါအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**



# သာယာဝတီမြို့၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများတူးဖော်

**သာယာဝတီ အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် သုံးဆယ်မြို့ အလယ်ကုန်းရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းမကြီးဘေးတွင် စက်တင်ဘာ ၂၉ ရက်က ရေနုတ်မြောင်းတူးဖော်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုပြီး ဆက်လက်တူးဖော်ဆောင်ရွက်ရမည့် ရေနုတ်မြောင်းများနှင့် လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# တမူးမြို့ အထက(၂)၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**တမူး အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တမူးမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစည်သူကျော်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၁၈ ဦး၊ အသက် ၁၈ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ခြောက်ဦး စုစုပေါင်း ၁၂၄ ဦးအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို စက်တင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ တမူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရတနာ(တမူး)**



မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က တံတားဦးမြို့ မြို့မရဲစခန်းအတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် (၆၂)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဇော်က ဖတ်ကြားပြီး ခရိုင်အတွင်း ဆုရရှိသည့် ရဲတပ်ဖွဲ့ဝင်များကို ဆုများပေးအပ်ချီးမြှင့်စဉ်။ ရဲတင့်(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူ လူငယ်များအား မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများ ရရှိစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ



(စိုးစံ) ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေခဲ့သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၅-၉-၂၀၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ၂၇-၇-၂၀၂၆ ရက်နေ့မှ ၁၁-၉-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် သုံးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်းတစ်ဦး၊ အထွေထွေ ၃၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၂ ဦး စုစုပေါင်း ၄၉ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၈၆၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၇၅၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၄၉ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁၇၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ် ချမှတ်ပြီး တိမ်းရှောင် တရားခံများကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ငါးချဉ်ပိုင်းကျေးရွာနေ အမျိုးသမီးတစ်ဦးကို မူဆယ်မြို့နေ မျိုးအေး(ခ)မျိုးအောင်၊ နန်းမိုး(ခ)ရတနာ(ခ)ပလောင်မနှင့် မိုင်းအိုက်ရီတို့ သုံးဦးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်ရမည်ဟု စည်းရုံးပြောဆိုပြီး မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ယောကျ်ားထံ ငွေကျပ်သိန်း ၉၀ ဖြင့် ရောင်းစားခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၁၆၄/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် မူဆယ်ခရိုင်တရားရုံးမှ တရားခံ မျိုးအေး(ခ)မျိုးအောင်၊ နန်းမိုး(ခ)ရတနာ (ခ)ပလောင်မနှင့် မိုင်းအိုက်ရီတို့သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ညောင်ပင်ကျေးရွာနေ အမျိုးသမီးနှစ်ဦးအား တစ်ရွာတည်းနေ ဒေါ်နီလာ(ခ)နီလာဝင်းနှင့် ခင်ပွန်းဖြစ်သူ ဦးချမ်းမြေ့အောင်တို့က တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် လုပ်ကိုင်ပါက ငွေကျပ် ၁၅ သိန်းခန့် ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး လားရှိုးမြို့ရှိ မခိုင်ဝင်းထွေးထံသို့ ချိတ်ဆက် ပို့ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် သရက်ပင်ချောင်နယ်မြေရဲစခန်း(ပ) ၁၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်နီလာ(ခ)နီလာဝင်းနှင့် ဦးချမ်းမြေ့အောင်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင် တရားခံ မခိုင်ဝင်းထွေးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ဘူတာစုကျေးရွာနေ အမျိုးသမီးနှစ်ဦးကို မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဒေါ်ဌေးဝင်းခိုင်(ခ)မခိုင်မှ ကျိုင်းတုံမြို့ရှိ စားသောက်ဆိုင်တွင် အလုပ်လုပ်ပါက တစ်လ ငွေကျပ် ၄/၅ သိန်းရရှိမည်ဟု ပြောဆိုစည်းရုံးပြီး ကျိုင်းတုံမြို့သို့ ခေါ်ဆောင်ကာ တင်မောင်(ခ)တိုးတက်အောင်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်တစ်မြို့ရှိ ပြည့်တန်ဆာနေအိမ်သို့ ပို့ဆောင်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် သစ်ပုတ်ပင်နယ်မြေရဲစခန်း (ပ)၄/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်တွင် လယ်ဝေးခရိုင် တရားရုံးမှ တရားခံ ဒေါ်ဌေးဝင်းခိုင်(ခ)မခိုင်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၃ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ တင်မောင်(ခ) တိုးတက်အောင်ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အာလဝီဝန်းနေ အမျိုးသားတစ်ဦးအား မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နေ နိုင်ဝင်းအောင်(ခ)နိုင်နိုင်(ခ) စလေမန်ကြီး၊ မအိအိမွန်(ခ) မိမွန်၊ ကြည်နိုင်နှင့် ကျော်သီရိလှိုင်တို့ လေးဦးမှ ကျောက်ကပ်အစားထိုး ကုသရန်အတွက် ကျောက်ကပ်ထုတ်ပေးပါက ငွေကျပ်သိန်း ၁၀၀ ပေးမည်၊ ဆေးစစ်ပေးမည်၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးမည်၊ တည်းခိုစရိတ်နှင့် လက်မှတ်ခများ အကုန်ကျခံပေးမည်ဟု ပြောဆိုစည်းရုံးပြီး အိန္ဒိယနိုင်ငံသို့သွားရန် ရန်ကုန်လေဆိပ်သို့ ခေါ်ဆောင်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်း (ပ)၁၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(ခ)၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံနိုင်ဝင်းအောင်(ခ)နိုင်နိုင်(ခ)စလေမန်ကြီး၊ မအိအိမွန်(ခ) မိမွန်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင် တရားခံ ကြည်နိုင်နှင့် ကျော်သီရိလှိုင်တို့နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)ရှိ ရဲရန်အောင်ခန်းမ၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားကာ ထူးချွန်စွာတာဝန်ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

### စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၆၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီ တင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၆၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှု ဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျောက်နီမော်မြို့နယ်နှင့် မောတောင်မြို့နယ်တို့၌ စက်တင်ဘာ ၂၉ ရက် ညပိုင်း၌ မိုးသည်းထန်စွာရွာ သွန်းမှုကြောင့် တနင်္သာရီမြစ်ရေမြင့်တက်၍ အဆိုပါမြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်များ၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု



တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဖြူးမြို့နယ်၌ တိရစ္ဆာန်စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းပေး

**ဖြူး အောက်တိုဘာ ၁**

ဖြူးမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် တိရစ္ဆာန်စာရင်းကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၃၀ ရက်က စည်ပင်သာယာခန်းမ၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ စိုးငြိမ်းအောင်က ဖြူးမြို့နယ်အတွင်းရှိ ရပ်ကွက် ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများဖြစ်သည့် သင်တန်းသား ၇၄ ဦးအား တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းနှင့် စာရင်းရေးသွင်းရာတွင် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရေး သင်ကြားပို့ချပေးခဲ့သည်။



အဆိုပါ ဆင့်ပွားသင်တန်းကို တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုအား အတည်ပြု ထုတ်ပြန်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ စာရင်းကောက်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)



## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁**

မိတ္ထီလာခရိုင်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက အမှတ်(၁) ရဲစခန်းဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စန်းနိုင်ထွန်းက (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ဖတ်ကြားပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက တပ်ဖွဲ့ဝင်မိသားစုဝင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ကျိုက်ထိုခရိုင်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၁**

ကျိုက်ထိုခရိုင်တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သော (၆၂) နှစ်မြောက် အထိမ်းအမှတ်သဝဏ်လွှာကို ကျိုက်ထိုခရိုင် လုံခြုံရေးတပ်ခွဲမှူး ရဲမှူး မင်းကိုက ဖတ်ကြားပြီး တပ်ဖွဲ့ဝင်မိသားစုဝင်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည့်ဖြိုး(ပြန်/ဆက်)



## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**ဘုတ်ပြင်း အောက်တိုဘာ ၁**

ဘုတ်ပြင်းမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်က ဖတ်ကြားပြီး တာဝန်ရှိသူများက ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့အငြိမ်းစားများအား ဂုဏ်ပြုဆုများနှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်လှုပ်ရှားမှု ဗီဒီယိုကလစ်ကို ပြသခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## ဓနုဖြူမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်

**ဓနုဖြူ အောက်တိုဘာ ၁**

ဓနုဖြူမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ခြင်းကို စက်တင်ဘာ ၂၉ ရက်က အမှတ် (၁၁)ရပ်ကွက်ရှိအကျော်တာ ကုန်းပေါက်နှင့် အမှတ်(၁)ရပ်ကွက်အတွင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရေမြောင်းများ တူးဖော်ရှင်းလင်းဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး လုပ်ငန်းများ စနစ်တကျနှင့်အချိန်မီပြီးစီးရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## ပန်းတနော်မြို့နယ်၌ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်

**ပန်းတနော် အောက်တိုဘာ ၁**

ပန်းတနော်မြို့နယ်၌ မြို့ပေါ် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် မိုးရာသီအတွင်း ရေဝပ်မှုမရှိစေရေးအတွက် ရေမြောင်းများ တူးဖော်ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတနော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ တူးဖော်ပေးနေမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်(ပြန်/ဆက်)





## ရေတ်ကောင်း၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**ရေတ်ကောင်း အောက်တိုဘာ ၁**

ရေတ်ကောင်းမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်တို့၌ စုပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေတ်ကောင်းမြို့ မြို့အုပ်ချုပ်ရေးမှူး ဦးမြတ်ဟိန်းထွဋ်၊ ရေတ်ကောင်းမြို့ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးစိုးလွင်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၅၀ ကျော်တို့က အမှတ်(၁) ရပ်ကွက် ဓမ္မိကာရုံလမ်းနှင့် အမှတ်(၂) ရပ်ကွက် သုခဝတီလမ်းတို့ရှိ ရေမြောင်းများအတွင်း အမှိုက်သရိုက်များ၊ ပေါင်းမြက်များနှင့် ရေစီးရေလာပိတ်ဆို့နေမှုများကို စုပေါင်းခုတ်ထွင်ရှင်းလင်းခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၁**

ဘီးလင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ်သန်း ၂၇၇ ဒသမ ၆၀၀ ဖြင့် ဇူလိုင် ၂ ရက်က စတင်ဆောင်ရွက်နေသည့် ကျောက်ရေတွင်း-ကံနီလမ်းကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ခရိုင်/မြို့နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ဝင်များက စက်တင်ဘာ ၃၀ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ငူမြို့၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၁**



တောင်ငူမြို့၌ အမှတ်(၂၂) မင်းကြီးညိုရပ်ကွက် ပေါက်လှကြီးလမ်းရှိ ငါးနောက်ချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်တင်ဘာ ၃၀ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့ပေါ် ပရဟိတအသင်းအဖွဲ့များ နှင့် ရပ်ကွက်နေ ပြည်သူများက ပေါက်လှကြီးလမ်းရှိ ပေါင်းမြက်ကိုင်းပင်ချုံနွယ်များ ရှင်းလင်း၍ စက်ယန္တရားကြီးများဖြင့် ငါးနောက်ချောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် နုန်းသဲမြေအမှိုက်များ တူးဖော်ရှင်းလင်းခြင်း ဆောင်ရွက်လျက်ရှိရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

## ခန္တီးမြို့၌ မြေပြင်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး သင်တန်းဖွင့်

**ခန္တီး အောက်တိုဘာ ၁**



ခန္တီးမြို့၌ ၂၀၂၆ ခုနှစ် မြေပြင်တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးသင်တန်းကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ခိုင်ထွေးက မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထက်အောင်က တိရစ္ဆာန်စာရင်းကောက်ယူရာတွင် ပါရှိရမည့်အချက်များ ရှင်းလင်းဆွေးနွေးပြီး သင်တန်းကို ဆက်လက်ပို့ချသည်။

အဆိုပါ မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလကုန်အတွင်း အပြီးကောက်ယူမည်ဖြစ်ပြီး ခန္တီးမြို့နယ်၌ ကျေးရွာပေါင်း ၇၅ ရွာ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ သမဝါယမအသင်းစုအမှုဆောင်အသစ် ရွေးချယ်

**ဝမ်းတွင်း အောက်တိုဘာ ၁**

ဝမ်းတွင်းမြို့နယ်၌ သမဝါယမအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမှုဆောင် ဦးဟန်က သမဝါယမအသင်းစု အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပြင်ဆင်သတ်မှတ်မည့် အသင်းစည်းကမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများ တင်သွင်းခြင်း၊ အတည်ပြုခြင်းများနှင့် သမဝါယမအသင်းစု၏ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သမဝါယမစနစ်အခြေခံ စနစ်ကျစိုက်ပျိုးရေး ဖော်ဆောင်နိုင်ရေး ဆွေးနွေး

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁**

မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာ၌ သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျစိုက်ပျိုးရေးစနစ် ဖော်ဆောင်ဆောင်ရွက်မည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပရာ အဆိုပါတွေ့ဆုံပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မြင့်ဝင်းကြည်နှင့် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းတို့က သမဝါယမစနစ်ကို အခြေခံ၍ တောင်သူများ စုပေါင်းဆောင်ရွက်မည့် စနစ်ကျစိုက်ပျိုးရေးစနစ်နှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများက သိရှိလိုသည်များကို တင်ပြရာ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃-၁၀-၂၀၂၆ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ(၅၈)၊ အမှတ် (၄၀) တွင် ပတ်ဝန်းကျင်ကို မလေ့လာ၊ စဉ်းစားဆင်ခြင်မှုမရှိဘဲ အစာရချင်ဇောဖြင့် သိုးကလေးကို ဝင်ဆွဲရာက သေဘေးဖြင့် ရင်ဆိုင်ရသော မြေခွေး၏ ပညာဉာဏ်နည်းပါးမှုကို သရုပ်ဖော်ထားသည့် **"ဉာဏ်နဲ့ ဆင်ခြင်ပါ"** မျက်နှာဖုံးကာတွန်း၊ အရာဝတ္ထု၏ နဂိုအရွယ်အစားကို ပိုကြီးအောင် မြင်နိုင်စွမ်းရှိသော မှန်ဘီလူးများနှင့် ၎င်းတို့ပေါ်ပေါက်လာပုံအကြောင်း ရေးသားထားသည့် သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် ရွှေသွေးတို့လက်ရာကဏ္ဍ၊ မည်သည့်အတွက်ကြောင့် ကျီးကန်းများ မည်းရပုံနှင့် အိပ်ရာစောစောထကြပုံကို သရုပ်ဖော်ထားသည့် **"ကျီးမည်း"**နှစ်မျက်နှာကာတွန်း၊ စကားပြောချိုသာခြင်းက အလှတစ်မျိုးကို ဖြစ်စေနိုင်ကြောင်း ဖတ်ရှုရမည့် **"နှုတ်ထွက်အလှ စကားအလှ"** ဝတ္ထုကကဏ္ဍ၊ ထီးယူရမည်ကို ပျင်းသောကြောင့် မိုးမိကာ ကျောင်းမတက်နိုင်ဘဲ အိမ်ပြန်ခဲ့ရသော ဖီနိုးအကြောင်း သရုပ်ဖော်ထားသည့် **"သိပြီလား"** တစ်မျက်နှာကာတွန်း၊ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးကို ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ရေးစပ်ထားသည့် ဆရာမ ရွှေမြိုင်ပြုံးလဲ့မော်၏ **"ချစ်သောကမ္ဘာမြေ"** ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။




**သတင်းစဉ်**

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားများ ကျင်းပ

**မိုးညှင်း**

မိုးညှင်းမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁ ရက်က အောင်သပြေရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ကျော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ဂုဏ်ပြုဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ **ရွှေမိုးညှင်း**



**လှိုင်လင်**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို လှိုင်လင်မြို့ သာသနာ့ဗိမာန်ဓမ္မာရုံ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နီချစ်က ဖတ်ကြားပြီး ဗီဒီယိုကလစ်ကို ပြသကာ ထူးချွန်ဆုနှင့် ဂုဏ်ပြုဆုရတပ်ဖွဲ့ဝင်များအား လှိုင်လင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။ **လှိုင်လင်မိုး**



**စစ်ကိုင်း**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို အောက်တိုဘာ ၁ ရက်က စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲရိပ်သာ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သော (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ညွှန့်က ဖတ်ကြားသည်။ ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနှင့် တာဝန်ရှိသူများက ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **နေလင်းအောင်(ပြန်/ဆက်)**



**ကော့သောင်း**

ကော့သောင်းမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ကော့သောင်းမြို့ မဏ္ဍပသကာခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး အောင်နိုင်က ဖတ်ကြားသည်။ ယင်းနောက် တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိသူများနှင့် တပ်ဖွဲ့ဝင်မိသားစု(ရဲမေ)များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## ဗိုလ်တထောင်ခရိုင် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၄၄

**ကွယ်လွန်သူဒေါ်သဲနု၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ချမ်းသာလမ်း၊ အမှတ် – ၃၅ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်သဲနု၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဇော်မင်း က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်သဲနု၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန် နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးဇော်မင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ လ ၂၉ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီခိုင်ငြိမ်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၀

ဦးမျိုးမင်းလတ် **နှင့်** ၁။ ဦးသန့်ဇင်မောင်
၂။ ဦးဖုံရှောက်စု (ခ) ဦးစံဝင်း
၃။ ဦးဇော်ဦး

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ–ဆ–ပ–လ ရပ်ကွက်၊ တိုက်–၁၄ အခန်း(၁)နေ (၁) တရားပြိုင် ဦးသန့်ဇင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းလွှဲပြောင်း လက်ခံခြင်းဆိုင်ရာ သဘောတူကတိစာချုပ် ရေးချုပ်ပေးစေလိုမှု နှင့် ကတိပဋိညာဉ်ပါအတိုင်း အချင်းဖြစ်တိုက်ခန်းအား တရားလိုလက်ဝယ်သို့ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ ၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလို သည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ အောက်တိုဘာလ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

(ဥမ္မာစမ်း)
တွဲဖက်ခရိုင်တရားသူကြီး (၂)
ကရွတ်ခရိုင်တရားရုံး

## ဂျပန်ဘာသာအခြေခံ + N-5 ( အခမဲ့ပညာဒါန ) သင်တန်းဖွင့်လှစ်ခြင်း

မြန်မာ–ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုအသင်း (AMJSEDC)၏ ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်သင်ကြားသွားမည့် ဂျပန်စာအခြေခံ+N5 (အခမဲ့ပညာဒါန) သင်တန်းအမှတ်စဉ်(၄)ကို Akafuji Vocational Training Center တွင်အောက်ပါအတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**သင်တန်းနေ့ရက်** – တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ။(အစိုးရရုံးပိတ်ရက်များမပါ)
**သင်တန်းအချိန်** – နံနက်(၁၀)နာရီမှ (၁၂:၃၀)နာရီအထိ။
**သင်တန်းကာလ** – ရက်သတ္တပါတ် (၂၄)ပါတ်။
**လက်ခံမည့်သင်တန်းသား ဦးရေ** – (၁၈)ဦး။
**သင်တန်းကြေး** – အခမဲ့ (ပညာဒါန)။
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်** – (၂–၁၁–၂၀၂၆)ရက်၊ တနင်္လာ။

**မှတ်ချက်။** သင်တန်းအမှတ်စဉ် (၄) ၏ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်များကို AMJSEDC အသင်း ၏ Facebook Page နှင့် သင်တန်းကျောင်း Facebook Page များတွင် ဖော်ပြသွားမည်ဖြစ်ပြီး ကျောင်းအနေဖြင့် သင်တန်းသားများကို (၂၀၂၇)ခုနှစ် ၊ ဇူလိုင်လတွင် ကျင်းပမည့် ဂျပန်စာအရည် အချင်းစစ် စာမေးပွဲတစ်ခုဖြစ်သည့် (JLPT) စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုနိုင်သည်အထိ သင်ကြားပေးသွားပါမည်။

**သင်တန်းတက်ရောက်ရမည့် နေရာ** – Akafuji Vocational Training Center
အခန်းအမှတ် (၉၀၆)၊ ယုဇနတာဝါ၊
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဆက်သွယ်စာရင်းပေးရန်–
ဖုန်း–၀၉–၇၈၇၈၆၅၅၁၀၊၀၉–၂၅၀၄၁၄၅၃၇

## မိဘအမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ်ကလေးကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာနေ နန့်ဇာရီးနာ၏ ဖခင် စဖရိုတ်လဲ၏ အမည်မှန်မှာ မန်းဖရိုင်းဒေးဖြစ်ပြီး မိခင် နန့်ဘောဘီ ၏ အမည်မှန်မှာ နန့်အာဘီ ဖြစ်ပါကြောင်း။ **မန်းဖရိုင်းဒေး–နန့်အာဘီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/77906, Honda Dream C100P M/C ယာဉ် လက်ဝယ်ရှိသူ ဦးကျော်နိုင်စိုး ၁၀/ဘလန(နိုင်)၁၄၁၁၂၃က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ)တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး (ဘားအံ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၇၈

ဦးစိုးမြင့် **နှင့်** ၁။ ဒေါ်မြကြည်
၂။ ဒေါ်စောရှင်

**(တရားလို)** **(တရားပြိုင်များ)**

(ယခင်လိပ်စာ) အမှတ်(၅၂၅)၊အောက်မင်္ဂလာဒုံလမ်း၊ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ယခုလိပ်စာမသိ) ဒေါ်စောရှင် သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ် မှတ်ပုံတင် ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်း မဟုတ်၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၆ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းမောင်)
တွဲဖက်ခရိုင်တရားသူကြီး ( ၂ )
အင်းစိန်ခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ နောင်လုံကျေးရွာနေ ဦးစောဇီးချိုနှင့် ဦးဇီးချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောဇီးချို(ခ)ဦးဇီးချို**

## ဖခင်အမည်မှန်

ဓနုဖြူမြို့နယ်၊ အ.ထ.က (ခွဲ) သိမ်ကုန်း Grade 12 မှ မောင်ရာဇာမိုး၊ Grade 8မှ မောင်အဂ္ဂမိုးနှင့် Grade–3 မှ မမေမြတ်မိုး တို့၏ ဖခင်အမည်မှန်မှာ ဦးရွှေခဲ ၁၄/ညတန(နိုင်)၁၄၅၄၄၂ ဖြစ်ပါကြောင်း။

**ဦးရွှေခဲ**
**၁၄/ညတန(နိုင်)၁၄၅၄၄၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ နောင်လုံးကျေးရွာ၊ ကွင်းအမှတ်(ထုံးဘို/ပြင်)၊ ဦးပိုင်အမှတ် (၁၈၂/၁)၊ မြေဧရိယာ(၀ဒသမ၁၁)ကေ အကျယ်အဝန်း အရှေ့ပေ(၁၀၀)၊ အနောက် ပေ(၁၀၀)၊ တောင်ပေ(၅၀)၊ မြောက်ပေ(၅၀)၊ (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်း၊ သံပန်း၊ သံတံခါးခတ်အပြီးအစီး) ဒေါ်လေးမြ(၃/မ၀တ(နိုင်)၀၂၆၀၇၁)ထံမှ ဦးဇော်မျိုးအောင် (၉/မနမ(နိုင်)၁၁၂၄၇၁) က (အရပ်ကတိစာချုပ်)ဖြင့် ငွေအကြေပေးချေခဲ့ပြီး လက်ရောက်ရယူထားသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်မျိုးအောင်**
**၉/မနမ(နိုင်)၁၁၂၄၇၁**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေမျိုးဇော်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၆၆)**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ယမုံနာ –၁၊ မြေကွက်အမှတ် ၂၄၈၊ ဧရိယာ (၀.၀၂၈)ကေ မြေကွက်တည်နေရာအမှတ် ၃၂၄ အောင်မေတ္တာအလယ်လမ်း၊ ယမုံနာ–၁ ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးကျော်ငွေ (၁၂/ဒပန(နိုင်)၀၁၉၁၁၆)၊ ဦးအေးကို (၁၂/ဒပန(နိုင်)၀၀၃၄၉၂)၊ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဦးကျော်ငွေ၊ ဦးအေးကိုတို့ အပေါ် တရားပြိုင်ထားကာ ဒေါ်စန်းစန်းဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသိန်းလှိုင်ထွန်း)မှ တရားလို ပြုလုပ်၍ ဗိုလ်တထောင်ခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ်–၁၈၀/၂၀၂၄ဖြင့် အိမ်ခြံမြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် ၂၆–၆–၂၀၂၅ရက်စွဲပါ စီရင်ချက်ဒီကရီ အမိန့်တာဝန်ခံမိတ္တူမှန်၊ ဗိုလ်တထောင်ခရိုင်တရားရုံး ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် –၈၃/၂၀၂၅၏ (၂၃–၃–၂၀၂၆)ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းထုံးပုံကူးအပြီးသတ်အမိန့်တာဝန်ခံမိတ္တူမှန်၊ ဘီလစ်ခန့်စာတို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်မြသဥ္ဇာကျော် (၅/ကလထ(နိုင်)၂၀၆၄၈၃)မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဘီလစ်ခန့်စာ၊ တရားရုံး အထောက်အထား တာဝန်ခံမိတ္တူမှန်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၂၊ ကချင်စုတောင်ရပ်)၊ ဦးပိုင်အမှတ် (၃၂၆)၊ မြေဧရိယာ(၀.၁၁၀)ကေရှိ မြေကွက်သည် ဒေါ်ထိန်ဘူထု၊၁/မကန(နိုင်)၀၂၀၁၇၈ အမည်ဖြင့် အမှုတွဲအမှတ် ၁၉၉/ V၁၉၉၃–၁၉၉၄ အရ (၆–၆–၁၉၉၅)ရက်မှ (၅–၆–၂၀၁၀) ရက်အထိ (၁၅) နှစ်မြေငှားဂရန်ရရှိခဲ့ပါကြောင်း၊ ယခုအခါမြေငှားဂရန်မူရင်းမှာ ၂၀၂၄ခုနှစ်၊ ဧရာဝတီမြစ်ရေကြီးမြင့်မှုကြောင့် ပစ္စည်းများပြောင်းရွှေ့ရာတွင် အသိမ်းလွန်ကာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် ဂရန်ရှင်ဒေါ်ထိန်ဘူထုက လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြစ်ကြီးနားမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/3693 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/9158 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/3263 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/12907, Zong Shen–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၉/မတရ(နိုင်)၂၅၂၁၈၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/27927, New Yingxing 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောလင်း ၉/မဟမ(နိုင်)၀၄၄၃၇၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေ၊ မြေကွက်အမှတ် (ပ–၂၂၃၉၆)၊ ဒေါ်နိုင်မိုးမြင့်အေး (ဘ)ဦးမြင့်လွင် အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေ ကွက်ကို ဒေါ်နိုင်မိုးမြင့်အေး ၇/တငန(နိုင်)၁၀၅၀၄၆(ဘ)ဦးမြင့်လွင် မှ ဦးဖြိုးသန့်စင် ၁၄/ကလန(နိုင်)၁၂၃၂၇၁(ဘ)ဦးရဲနိုင် ၏အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/6940 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၃–ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ်(၉၂/ည)၊ ဧရိယာ(၀.၀၂၃)ကေရှိ ဒေါ်ကျင်ငွေ အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို အသုတ်မြို့၊ လမ်းမတော်လမ်းနေ ဒေါ်ဝါဝါသင်းမှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်သီတာရပ်ကွက်၊ အကွက်အမှတ်(၂၆/လုံလေ့ရပ်)၊ ဦးပိုင်အမှတ်(၆/ခ)၊ ဧရိယာ(၀.၀၉၅)ကေ၊ မြေငှားဂရန်အမှုတွဲအမှတ် ၁၆၄–၅/၂၀၁၃–၂၀၁၄၊ ဒေါ်မြမြစန်း၊ ၈/မမန(နိုင်)၁၅၇၃၁၂ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဒေါ်မြမြစန်း ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သော ဒေါ်ဥမ္မာစန်း ၁၃/လရန(နိုင်)၀၂၈၅၃၀၊ ဒေါ်ကေသီစန်း ၁၃/လရန(နိုင်)၀၀၃၃၉၂နှင့် ဦးတိုးတိုးအောင် ၁၃/လရန(နိုင်)၁၀၂၅၇၉ တို့မှ စာချုပ်အမှတ် ၁၉၇ IV/၂၀၂၁ မှ အမွေဆက်ခံခဲ့ပြီး ၎င်းတို့ (၃)ဦး၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်ခင်စိုး၊၈/မမန(နိုင်)၁၅၈၈၅၄မှ စာချုပ်အမှတ် ၂၆၀၊/၂၀၂၆ ဖြင့် ဦးစိုးသူအောင် ၈/မမန(နိုင်)၁၅၇၃၁၂ ထံသို့ ရောင်းချခဲ့ပြီးဖြစ်၍ ဦးစိုးသူအောင်မှ ၎င်းအမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ ကန့်ကွက်လိုသူများရှိပါကသတင်းစာပါသည့်ရက်မှ (၂၁)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်တင်ပြသူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ ဦးမင်းမင်းဦး ၁၂/ဗဟန(နိုင်) ၀၈၇၈၆၆ ၏သမီး တာမွေမြို့နယ်၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း Grade – 10 မှ မကြယ်ဇင်မိုးဦး၏ အမည်မှန်မှာ မကြယ်စင်မိုးဦး ဖြစ်ပါကြောင်း။

## အမည်မှန်

ဟုမ္မလင်း၊ အထက (၁) ကျောင်း၊ Grade–12 (D) မှ မောင်ကျော်စွာဝင်း ၅/ဟမလ (နိုင်)၁၈၆၈၇၄ ၏ အမည်မှန်မှာ မောင်စိုင်းကျော်စွာဝင်း ဖြစ်ပါကြောင်း။

**မောင်စိုင်းကျော်စွာဝင်း**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ လက်ခံအုပ်စု၊ ဒိုးတန်းကျေးရွာမှ ဦးမြင့်သိန်း ၏ သမီး မပိုးအိထွေး ၇/ကတခ(နိုင်)၂၄၀၁၆၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၈-၂၀၀၄ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ ၃ လမ်း၊ အမှတ်၄၆၅(က)ဟုခေါ်တွင်သည့် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြေငှားစာချုပ်အမှတ်/နေ့စွဲ- မဥ/စ-၂၈၃(၁၈-၉-၁၉၉၃)၊အမှုတွဲ အမှတ်- မဥ-ဂရန်မိတ္တူ 20/90/7029၊ (25.9.19)ဒေါ်အုန်းကြည်(KLT- ၀၈၁၇၉၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) အနက်မှခြေရင်းခြမ်း (၁၀ ပေ x ၆၀ပေ)မြေနှင့်နေအိမ်အပါအဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက်ထံမှ ဝယ်ယူထားသည့် ဦးတင်စိန်နှင့် ဇနီးဖြစ်သူ ဒေါ်သောင်းရင်တို့ ကွယ်လွန်ခဲ့၍ ၎င်းတို့၏သားသမီးများဖြစ်ကြသည့် ၁။ ဒေါ်ရီရီတင် (၁၂/ဥကမ(နိုင်)၀၆၇၇၀၅)၊ ၂။ ဦးမျိုးနိုင်(၁၂/ဥကမ(နိုင်)၀၆၅၄၉၅) နှင့် ၃။ ဒေါ်သီရိတင် (၁၂/ဥကမ(နိုင်)၁၈၄၄၃၃)တို့မှ အခြားအမွေဆိုင်မရှိ၊ မည်သည့်အရှုပ်အရှင်းမှမရှိကြောင်းနှင့် ၎င်းတို့သာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောကြား၍ ရောင်းချလိုကြောင်းကမ်းလှမ်းလာရာ ဦးသိန်းဇော်(၉/ကကရ(နိုင်)၁၄၃၃၇၃)နှင့် ဒေါ်ယုခိုင်(၈/မမန(နိုင်)၁၂၇၅၄၀) (၎င်းတို့ကိုယ်စားမိခင်ဖြစ်သူဒေါ်နှင်းဆီ) တို့မှ ဝယ်ယူရန် အိမ်မြေရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အိမ်မြေအရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နှင်းဆီ** | **ဒေါ်စန်းစိမ့်စိမ့်ဖြိုး (LL.B,LL.M,D.A.Psy)** |
| **(၈/မမန(နိုင်)၀၀၆၀၅၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၈၁၃/၂၀၁၆)** |
| | **အမှတ်(၇၂၄)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊** |
| | **မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့** |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ ရေအိုးစင်ကျေးရွာအုပ်စု၊ ဇီးကုန်းကျေးရွာနေ ဦးဝင်းညွန့် ၉/လဝန(နိုင်)၀၁၈၄၁၈ နှင့် ဒေါ်ခင်မာရွှေ ၉/လဝန(နိုင်)၀၆၉၂၄၅ တို့၏ သားဖြစ်သူ မောင်ရဲလင်းကျော် ၉/လဝန(နိုင်)၁၉၉၆၈၄ သည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ စိတ်ဆင်းရဲစေသောကိစ္စရပ်များအား ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းညွန့် - ဒေါ်ခင်မာရွှေ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မင်းရဲကျော်စွာ (၂) လမ်း၊ မြေကွက်အမှတ်(၁၇၈၇/က)၊ ပါမစ် အမည်ပေါက် ဦးလှထွေး (RGN–001451)ဟု မှတ်သားတည်ရှိသော (အလျား ၂၀ x အနံ ၆၀) ပေရှိ ပါမစ်မူရင်းစုံ မြေကွက်နှင့်အိမ်ကို ဒေါ်ခင်ခင်ချို (၁၂/ဒဂတ (နိုင်)၁၄၈၃၁၉)မှ အရောင်းအဝယ်စာချုပ် အဆက်စပ်များဖြင့် လက်ဝယ်ထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်ဆန်းဝင်း (၁၁/မပန(နိုင်)၀၀၀၅၅၆)နှင့် ဦးအောင်မျိုးလင်း (၉/တသန (နိုင်)၁၃၀၀၉၇) တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့် ရှိသူမည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၀) ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ဆန်းဝင်း** | **ဒေါ်သဲဆုဝင်းလှိုင် (LL.B)** |
| **(၁၁/မပန(နိုင်)၀၀၀၅၅၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၇၃)** |
| **ဦးအောင်မျိုးလင်း** | **အမှတ် (၁၈၁၃)၊ မင်းရဲကျော်စွာ (၁) လမ်း၊** |
| **(၉/တသန(နိုင်)၁၃၀၀၉၇)** | **(၇၁)ရပ်ကွက်၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၅၅၅၃၂၂၂၁၊ ၀၉-၄၃၀၂၈၁၂၄** |

**ယာဉ်ပျံ့ဘူတာနယ်မြေတွင် Urban Development စီမံကိန်းဆောင်ရွက်ရန်အတွက် တင်ဒါဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုကြောင်းနှင့် တင်ဒါအဆိုပြုလွှာတင်ပြရန် ဖိတ်ခေါ်ခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ယာဉ်ပျံ့ဘူတာယာဒ်ဝင်းအတွင်းရှိ မြေဧရိယာ ၇.၅၁၄၃ ဧကပေါ်တွင် မြို့ပြဖွံ့ဖြိုး တိုးတက်မှု (Urban Development) စီမံကိန်းကို BOT စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်း/ ပြည်ပကုမ္ပဏီ အဖွဲ့အစည်းများသို့ တင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့ရာ တင်ဒါပထမအဆင့်တွင် စိတ်ပါဝင်စားမှု ဖော်ပြချက်(Expression of Interest-EOI) အဆိုပြုလွှာတင်သွင်းသည့် MoNo Co., Ltd. နှင့် Shwemanmarlar Co., Ltd. တို့အား တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီက တင်ဒါဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုကြောင်း ဆန်ကာတင်စာရင်း (Shortlisted) ရွေးချယ်ခဲ့ပါသည်။

၂။ တင်ဒါ ဒုတိယအဆင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် MoNo Co., Ltd. နှင့် Shwemanmarlar Co.,Ltd တို့သည် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁) စောင်လျှင် ငွေ ၁,၀၀၀,၀၀၀ ကျပ်နှုန်းဖြင့် မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာ၊ (တတိယ)ထပ်တွင် ၁- ၁၀-၂၀၂၆ မှ ၁၄- ၁၀- ၂၀၂၆ ရက်ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် တင်ဒါ အဆိုပြုလွှာ {မူရင်း (၁) စုံ၊ မိတ္တူ (၂)စုံ၊ Soft Copy (၂) စုံ} ကို ၁-၁၂-၂၀၂၆ ရက်နေ့ ၁၄:၀၀ နာရီအချိန် နောက်ဆုံးထား၍ အဆိုပါရုံးသို့ လူကိုယ်တိုင်ပေးပို့တင်ပြရမည်။

၃။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက စီးပွားရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊၀၉-၈၉၁၇၅၀၁၃၄သို့ဖြစ်စေ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ Grade–11 (A) မှ မနှင်းနန္ဒာအောင် နှင့် Grade–7 (B) မှ မအေးစန္ဒာအောင် တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးအေးဝင်း ၉/ပကခ(နိုင်)၀၈၄၈၄၉ ဖြစ်ပါကြောင်း။

**ဦးအေးဝင်း**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂၀

**ကွယ်လွန်သူ ဗိုလ်မှူးဘထွန်းတင်နှင့် ဒေါ်သန်းတို့၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဒေါ်တင်တင်နု **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- (၇H)(နံ့သာကုန်း)၊ မြေကွက်အမှတ် (၂/C-၃)၊ ဧရိယာ(၀.၃၀၇) ဧကရှိ B မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) အမျိုးအစားမြေကွက်၌ နေထိုင်ခဲ့သော ကွယ် လွန်သူ ဗိုလ်မှူးဘထွန်းတင်နှင့် ဒေါ်သန်းတို့၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်တင်တင်နုက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)တွင် ချိန်းဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဗိုလ်မှူးဘထွန်းတင်နှင့် ဒေါ်သန်းတို့၏ ကျန်ရစ်ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်) နံနက် (၁၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။

လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်တင်တင်နု၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇေယျာဦး)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**အင်းစိန်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၆

| | | |
|---|---|---|
| ဒေါ်လှည်ထွေး | နှင့် | ဗိုလ်မှူးမျိုးမြင့်အေး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (cc-၄) ၊ ၅၆-၅၇ လမ်းကြား၊ ၁၀၄-၁၀၅ လမ်းကြားရပ်နေ တရားပြိုင် ဗိုလ်မှူးမျိုးမြင့်အေး (ဘ) ဦးကျော်ဝင်း (ယခု နေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လှည်ထွေးက "မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင် မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကိုကို)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် အထက (ခွဲ) (သခွတ်မြင့်) Grade–12 မှ မဝေဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကြိုင်ကိုဝင်း ၉/ဝတန(နိုင်)၁၃၀၃၃၈ ဖြစ်ပါကြောင်း။

**ဦးကြိုင်ကိုဝင်း**

## အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမက ရသေ့တောင်၊ Grade–5 မှ (ဘ) ဦးရင်လွန် ၏ သား မောင်မင်းဝီရိယ ၏ အမည်မှန်မှာ မောင်ဝီရိယ ဖြစ်ပါကြောင်း။

**မောင်ဝီရိယ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/14289 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/58313 Canda–125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၉/မရတ(နိုင်) ၀၇၉၁၅၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6W/80763 Honda Dream C100Nယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရီ ၁၃/တကန(နိုင်)၀၀၄၂၁၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## အမည်အမှတ်တံဆိပ် သတိပေးကြေညာချက်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁) ရပ်ကွက်၊ အကွက်အမှတ် (၈)၊ အမှတ်(၉၀)၊ ၃၉ x ၄၀ လမ်းကြား၊ ၆၀ / A လမ်း နေ ဦးရဲကျော်သူ (ဘ) ဦးကြည် ၁၄/ငပတ(နိုင်) ၁၅၄၉၀၆ ၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်–

**မှတ်ပုံတင်စာချုပ်အမှတ် (၁၄၃၁/၂၀၂၆)**
**Nice classification Nbr; 3, 44**
**Application number T/2026/004237**

အထက်ပါ BRIGHT BEAUTY ဆံပင်အလှပြုပြင်ရေး နှင့် Nail & Spa လုပ်ငန်းအမည် အမှတ်တံဆိပ်အား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၁၄၃၁/၂၀၂၆) နှင့် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ Nice classification Nbr; 3, 44 နှင့် T/2026/004237 ဖြင့် မူပိုင်ခွင့် လျှောက်ထားပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ BRIGHT BEAUTY ဆံပင်အလှပြုပြင်ရေး နှင့် Nail & Spa ၏ အမည်အမှတ်တံဆိပ်နှင့် အမှတ်အသား (လိုဂို) တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း ၊ သွယ်ဝိုက်၍သော်လည်းကောင်း ၊ ဆင်တူရိုးမှား ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန် နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို၊ နစ်နာကြေးငွေများ တောင်းခံကာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုဦး ADVOCATE (စဉ်-၁၀၆၃၀)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B, D.B.L, D.I.L, H.G.P, DL 101 IPLaw (GENEVA)**
**အမှတ် (၈၈)၊ ၈၅ လမ်း ၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း ၀၉ – ၄၄၁၀၀၇၄၃၅, ၀၉ – ၇၇၈၃၈၈၁၄၅**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်၊ စိန်ပန်းပြာလမ်း၊ အိမ်အမှတ် (၂/၉၇)၊ အရှေ့လားသော် ဒေါ်ယုယုအောင်၊ အနောက်လားသော် ဒေါ်နှင်းနှင်းခိုင်၊ တောင်လားသော်- လမ်း၊ မြောက်လားသော် ဦးချစ်၊ ယင်းအလားလေးရပ်အတွင်းရှိ အလျား (၂၇)ပေ x အနံ(၆၁)ပေ အကျယ်အဝန်း၊ (၃ x ၄)ပင်၊ နံကပ်၊ ထရံကာ (၂)ထပ်နေအိမ်(၁)လုံး၊အဝီစိရေတွင်း(၁)တွင်း၊ရေချိုးခန်း၊အိမ်သာ(RC) အမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂-၈-၂၀၂၆) ရက်တွင် မိသားစုသဘောတူ အမွေပစ္စည်းစီမံလက်ရောက် ပေးအပ်ခြင်းကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်အရ အမွေပစ္စည်းအပေါ် လက်ရောက်ရရှိသူ ဒေါ်ဇာခြည်အောင်နှင့် မိသားစုတို့က တရားဝင်လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ အလားလေးရပ်အတွင်းရှိ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လယ်ဝေးမြို့၊ အမှတ်(၂)ရပ်၊ စိန်ပန်းပြာလမ်း၊ အိမ်အမှတ်(၂/၉၇)၊ ဒေါ်ဇာခြည်အောင်၊ ဖုန်း-၀၉-၄၄၆၆၅၆၀၇၅ သို့လည်းကောင်း၊ ရှေ့နေထံသို့လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘချစ် (ခ) ဦးချစ်ဦးမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၂၈၀)**
**အမှတ် (၂၂၃၅)၊ စိန်ပန်းပြာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊**
**နေပြည်တော်၊ ဖုန်း ၀၉-၄၅၃၂၄၆၂၁၃**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ ဒေါ်ခင်စိုးလွင်၏ ဖခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ကတ်ပြားတို့တွင် ဦးဝင်းမောင် ဖြစ်ပြီး အမှုထမ်းစာအုပ်ရှိ ဖခင်အမည်မှာ ဦးဝင်းမော် ဖြစ်နေသောကြောင့် ဖခင်အမည်နှစ်မျိုးကွဲလွဲနေပါသည်။ ထိုသို့ ဦးဝင်းမောင် နှင့် ဦးဝင်းမော် (၉/ပသက(နိုင်)၀၄၈၀၄၀)သည် အမည်ကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပြီး ဦးဝင်းမော်မှာ အမည်မှန်ဖြစ်ကြောင်းနှင့် ဒေါ်ခင်စိုးလွင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၅-၁၉၆၈) ဖြစ်ပြီး မှတ်ပုံတင်နံပါတ်အမှန်မှာ (၉/ပသက(နိုင်)၀၄၈၁၀၆) ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးလွင်**
**(၉/ပသက(နိုင်)၀၄၈၁၀၆)**
**ညောင်ပင်သာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၈၆၈၁၆၀၁၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/1030 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 25W/91626 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/မြို့မရပ်)၊ မြေဧရိယာ(၀.၁၁၀) ဧက၊ မြေကွက်အမှတ်(ပ-၂၀၈၁၆)ဦးဝင်းနိုင် (ဘ) ဦးစိုးမြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်နီနီလွင် ၂/လကန (နိုင်) ၀၆၈၇၃၁ (ဘ) ဦးမြင့်ဝေ မှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၀၀/၁၂) (၁၇-၁-၂၀၁၂) တင်ပြ၍ ဒေါ်တင်တင်အေး ၈/ခမန(နိုင်)၀၂၇၄၅၆ (ဘ) ဦးကံစိန်၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပန်းခင်း(၃)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ် (၆/၁၉၅)ဟု ခေါ်တွင်သော အရှေ့အနောက်(၅၂)ပေ၊ တောင်မြောက်(၅၀)ပေ အကျယ်အဝန်းရှိ ပိုင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အများသိစေရန် အသိပေးကြေညာခြင်း**

အထက်ဖော်ပြပါ အမှတ်(၆/၁၉၅)အား လက်ရှိထားနေထိုင်ပိုင်ဆိုင်သူ ဖြစ်သော ဒေါ်သန်းသန်းဌေး(ဘ)ဦးဌေးညွန့် ၉/မကန(နိုင်)၀၄၀၉၆၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှာ အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသော ကြောင့် ရောင်းကြေးစရန်ငွေအချို့အားပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းသန္တာဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၆/၂၀၁၇)**
**အမှတ်(၃/၁၈၄)၊ အုတ်ကျင်းရပ်ကွက်၊ ဦးဘွားလမ်း၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၀၇၅၄၀၈၇၊ ၀၉-၇၉၇၈၅၁၈၅၀**

## အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အမက ရသေ့တောင်၊ Grade-5 မှ (ဘ) ဦးလှိုင်ဝင်း၏ သမီး မဂျူရီဆာန်၏ အမည်မှန်မှာ မဂျူရီချမ်း ဖြစ်ပါကြောင်း။

**မဂျူရီချမ်း**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း SHAN GRILA Grade-11 မှ မသင်းရနံ့မွှေး ၉/ ဝတန(နိုင်)၂၇၀၈၃၈ ၏ မိဘအမည်မှန်မှာ (ဘ) ဦးစောရှိန်း ၉/ဝတန(နိုင်)၁၅၇၄၆၅ နှင့် (မိ) ဒေါ်ဖြိုးဖြိုး ၉/ဝတန(နိုင်) ၁၅၇၄၅၆ ဖြစ်ပါ ကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၀-၇-၂၀၂၆) ရက်ထုတ် ဤသတင်းစာ စာမျက်နှာ-၃၀ တွင် ပါဝင်သော ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် 85W/82416 အား 83W/82416 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/44758 Kenbo-110 ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,ltd. က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/70401 Kenbo-125 ယာဉ်လက်ဝယ်ရှိသူ Aung Naing Hein San Co.,ltd. က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/7219 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်72W/61705 Zong Shen-110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုလှိုင်မွန် ၉/ညဥန(နိုင်)၂၄၄၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/80844 Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသွင်ထူးအောင် ၉/ခမစ (နိုင်)၀၉၁၈၅၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ ကွင်း/အကွက် အမှတ်-၃၄၄/မကျီးသမျှားတောင်၊ ဦးပိုင်/မြေကွက်အမှတ်- ၉၀၃-ခ၊ ၉၀၄-က (မြို့မြေ) နှင့် မြေပေါ်ရှိ မရွှေ့မပြောင်းနိုင်သော တိုက်တာအဆောက်အအုံတို့မှာ ဒေါ်ကြည်အေး၏ ပိုင်ဆိုင်မှု ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ တိုက်တာအဆောက်အအုံမှာ ဒေါ်ကြည်အေး လက်ရှိထား နေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေနှင့် အဆောက်အအုံဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံအား တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပြီး တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဆောင်ရွက်ရန် ကျန်ရှိသည့် ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးသန့်လင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၄၅၉၄ (၁၄-၆-၂၀၁၈)**
**စိန်ပန်းဝေဆိုင်၊ ရွှေချောင်းကျေးရွာ**
**ပခုက္ကူမြို့၊**
**ဖုန်း-၀၉-၄၄၀၃၄၃၆၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၉၊ ခိုင်သဇင်(၂)လမ်း၊ မြေကွက်အမှတ်- ၄၇၀/ခရိ (၂၃x၆၀)ပေ၊ ၀.၀၃၁ ဧကကျယ်သော နှစ် (၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်းနေအိမ်အပါအဝင် သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇေယျာမင်းထက် ၁၂/ဒဂဆ(နိုင်)၀၂၉၈၃၄ က အရှုပ်အရှင်းကင်းရှင်းကာ မိမိတွင်သာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသက်မှူးအောင် ၁၂/ဥကတ(နိုင်)၁၈၇၀၀၈ နှင့် ဒေါ်ဆုမြတ်နိုးနွယ် ၁၂/ဥကတ(နိုင်)၁၈၇၄၄၀ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)အစုံအလင်ဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ထက်ထက်အောင်(LL.B,D.B.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်-၅၆၀၊ မာဃ (၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီး**
**သဃ်န်းကျွန်းခရိုင် သက်သေခံပစ္စည်းလေလံတင်ရောင်းချရေးကော်မတီ**
**၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၆ ) ရက်**
**၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်**
**လေလံအမှတ်စဉ် (၁/၂၀၂၆)**

၁။ ရန်ကုန်တိုင်းဒေသကြီး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တရားလိုပြုလုပ် တိုင်တန်းခဲ့သော သဃ်န်းကျွန်းမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၄၄၇/၂၀၂၃ တရားလို ဦးမျိုးသန့်နှင့် တရားခံ များ ဦးယဉ်မင်းဟန်ပါ ၅ ဦး အမှုမှ သက်သေခံရေယာဉ်(၃)စီးဖြစ်သော Fiber Boat (၁)စီး၊ လေးလုံးထိုးအင်ဂျင်တပ်ဆင်ထားသည့် သစ်သားခွံရေယာဉ်(၁)စီး၊ SUZUKI 250(2) NOS Sungel Balein-2 Speed Boati Speed Boat (၁)စီးတို့အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၂။ | **လျှောက်လွှာ ရောင်းချမည့်ရက်** | - | (၁၆-၁၀-၂၀၂၆) ရက်မှ (၂၁-၁၀-၂၀၂၆) ရက်ထိ ရုံးချိန်အတွင်း |
| ၃။ | **လျှောက်လွှာ ရောင်းချမည့်နေရာ** | - | သဃ်န်းကျွန်းခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန သီလလမ်းနှင့် ဗြဟ္မစိုရ်လမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် |
| ၄။ | **လျှောက်လွှာ ပိတ်သိမ်းမည့်ရက်** | - | (၂၁-၁၀-၂၀၂၆) ရက် (၁၆ ၀၀) အချိန်အထိ |
| ၅။ | **လေလံဖွင့်ဖောက်မည့် ရက်/အချိန်** | - | (၂၂-၁၀-၂၀၂၆) ရက် ( ၁၃ ၀၀ )အချိန် |

၆။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သဃ်န်းကျွန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၆၉၀၆၃၃၅၅၅ ၊ ၀၉-၂၆၃၆၅၈၄၇၄ တို့သို့ ဖုန်းဖြင့်လည်းကောင်း ရုံးအချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**
**သဃ်န်းကျွန်းခရိုင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၆၅

| | | | |
|---|---|---|---|
| ဦးသွင်အောင် | **နှင့်** | ၁။ | ဒေါ်မိုးဇာဦး |
| | | ၂။ | ဒေါ်နန်းသန်းရင် |
| **(တရားလို)** | | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဖိုးလတ်လမ်း၊ အမှတ်-၁၃၈ နေ (၁)တရားပြိုင် ဒေါ်မိုးဇာဦး နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၁)ရပ်ကွက် ၊ သခင်ခင်ဇော် (၄)လမ်း၊ အမှတ်-၇၉၀နေ (၂)တရားပြိုင် ဒေါ်နန်းသန်းရင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်သွင်းပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ ရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ ခုနှစ် ၊ အောက်တိုဘာလ ၆ ရက် ၊ (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်)မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာ ရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မျိုးထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/6219 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမားမြို့၊ ရှမ်းစုရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် ၂၇၇-နန်းခမ်း၊ မြေကွက်အမှတ်(၁၂၃၀) ၊ မြို့မြေ၊ ဧရိယာ (၀.၁၂) ဧကရှိ မြေကွက်အား ဒေါ်မိုးမိုးအေး (၁/မညန(နိုင်) ၀၃၁၀၇၇) အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားဆောင်ရွက်မည်သဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်တင်ပြသူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးအေး**
**၁/မညန(နိုင်)၀၃၁၀၇၇**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေအိမ်စံ ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 မှ မထက်ထက်ဝင်း ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ညို ၅/ငဇန(နိုင်) ၀၂၈၈၆၀ ဖြစ်ပါကြောင်း။

**ဦးမောင်ညို**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/9725 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/7952 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/12354 Zong Shen-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/စကတ (နိုင်) ၀၇၀၄၄၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/1375 Toyota Mark II LX100 Saloon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့်မြတ်ရှိန် ၅/မရန(နိုင်) ၁၇၆၉၀၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် (66W/45799) Dayang-110 ယာဉ်လက်ဝယ်ရှိသူ San Pone Shw Co;ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန် ။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် (72W/97571) SAWASDEE125 ယာဉ်လက်ဝယ်ရှိသူ CP Motor Myanmar Co;ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြ ပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/87762, Zong Shen 110, MC ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းအောင် ၉/စကတ(နိုင်)၀၇၉၁၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/25531, Yin Anbo 125, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်တိုးတိုး ၉/မသန(နိုင်)၀၄၃၃၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/19497, Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဖြိုး ၉/ခမစ(နိုင်)၀၅၇၂၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/11340, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသက်မွန် ၈/ဆဖန(နိုင်)၀၀၅၆၂၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/47733 Honda Click-125M/C ယာဉ်လက်ဝယ်ရှိသူ ဦးဂေါ်ရင်ရှင်း ၁၃/ တမည(နိုင်)၀၀၅၆၂၅ က မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/6762 Nissan Vanette SK82TN P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထူး ၉/ပဘန (နိုင်) ၀၂၂၇၅၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လတ်
## အသက် (၈၆)နှစ်

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်လတ်သည် ၃၀-၉-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာနမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လတ်
## အသက် (၈၆) နှစ်

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်လတ် သည် ၃၀-၉-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၂)၊ သူကြွယ်(၂)လမ်း၊ မြေကွက်အမှတ် (၇၁၆/က)ရှိ အကျယ်အဝန်း ပေ(၂၀x၆၀)၊ ဧရိယာစတုရန်းပေ (၁၂၀၀)ရှိ ဦးကျော်စိန် (ISN-057100) အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ကျော်ထူး (၁၂/သဃက(နိုင်)၁၆၄၄၆၈)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်တီကြိုင်စိုး (၁၂/လမန(နိုင်)၁၃၈၈၈၉)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်တီကြိုင်စိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဥ်-၅၂၀၇၃)**
**ဖုန်း- ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ကျုံမငေး)ကျောင်း Grade-9 မှ မရွှေမှုံနံ့သာ၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဇော် ၁၄/ဝခမ(နိုင်)၀၀၀၈၆၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ခွဲ) အ.လ.က (၁) ကျောင်း၊ Grade-5 မှ (ဘ) ဦးအောင်ပြည့်ဖြိုး ၁၄/ဝခမ(နိုင်)၁၈၈၄၈၀ ၏သား မောင်ခန့်ပြည့်လွင်၏ အမည်မှန်မှာ မောင်ကောင်းလင်းဆက် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (၂၃၅)၊ အခန်းအမှတ်(၃၀၁)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုးဟိန်း ၉/မခန(နိုင်) ၀၃၇၀၈၆ ထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးကျော်စည်သူ ၁၄/ပသန(နိုင်) ၂၈၂၀၂၅နှင့် ဒေါ်ခင်အေးမူ ၁၄/ပသန(နိုင်)၀၄၄၄၉၁တို့က ဦးမိုးဟိန်းအမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်အကြောင်းကြားစာ(မူရင်း) ပျောက်ဆုံး ကြောင်း အထောက်အထားများတင်ပြ၍ ၎င်းတို့အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဦးဖေလိန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၇)၊ ဦးပိုင်အမှတ် ( ၄၅ )၊ ဧရိယာ( ၀ဒသမ၀၅၅ )ဧကရှိ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဖေလိန်း ( ၉/ပသက(နိုင်)၀၀၆၃၇၇ )ထံမှ ဦးစိုးကိုကို၊ ဦးမျိုးကိုကို တို့က ( ၁၃-၃-၂၀၁၉ )ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။

အဆိုပါ ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် ( ၁၅- ၁၀-၂၀၂၆ )ရက်တွင် နောက်ဆုံးထား၍ ကျွန်ုပ်တို့ထံသို့ လာရောက်ဆက်သွယ်ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်ပါက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဖေလိန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးစိုးကိုကို (ဘ) ဦးကိုကိုနိုင်** | **ဦးမျိုးကိုကို (ဘ) ဦးကိုကိုနိုင်** |
| **၉/ပကခ (နိုင်) ၀၃၆၆၅၉** | **၉/ပကခ (နိုင်) ၀၃၆၆၆၀** |

**အကွက် ( တတ-၇/၄၅ )၊ ( စ )ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**

## ဒေါ်ခင်ခင်ပြုံး
## ကုန်သွယ်လယ်ယာ(ငြိမ်း)
## စီမံရေးရာ(မှူခင်းဌာန)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးကြာညွန့်-ဒေါ်သိုက်)တို့၏သမီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မြောင်းကြီးလမ်း၊ အမှတ်(၃၂)နေ (ဦးထွန်းမြ)(ကုန်သွယ်လယ်ယာ-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်ပပထွန်း(ကုန်သွယ်လယ်ယာ-ငြိမ်း)၊ ဦးစိုးပိုင်(ကုန်သွယ်လယ်ယာ-ငြိမ်း)၊ ဒေါ်ခင်သီတာထွန်း(အထက-၂၊ ဒဂုံ-ငြိမ်း)၊ ဦးအောင်မျိုးထွန်း(မြန်မာ့အာမခံလုပ်ငန်း၊ မူဆယ်မြို့)-ဒေါ်စိုးမိုးသင်း(EFI Co.,Ltd)၊ ဒေါ်ခင်သန္တာထွန်း(မြန်မာ့အာမခံလုပ်ငန်း၊ ရုံးချုပ်)၊ ဒေါ်ခင်စန္ဒာထွန်း(မြန်မာ့အာမခံလုပ်ငန်း၊ ရုံးချုပ်-ငြိမ်း)-ဦးကျော်စိုးအောင်(အကောက်ခွန်ဦးစီးဌာန)၊ ဒေါက်တာကျော်ဇေယျာထွန်း (UNDP) တို့၏ မိခင်၊ မြေး လေးယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၃၀-၉-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ဂရန်းဒ်ဟံသာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၂၆ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာ ခင်အေးမူ
## အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၀)၊ ကျောက်စိမ်းလမ်း၊ (၄၄)ရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်သောင်းသောင်း) တို့၏ သမီးကြီး၊ ဒေါ်ခင်ဆွေဝင်း၊ ဦးစိုးစိုးမြင့် - (ဒေါ်သင်းသင်းနု)၊ ဦးထင်အောင်-ဒေါ်ခင်စန်းမြင့်၊ ဦးဇော်မျိုးအောင်-ဒေါ်မြင့်မြင့်သန်းတို့၏အစ်မ၊ တူ/တူမ(၇) ယောက်၊ မြေး(၂)ယောက်၊ မြစ်(၅)ယောက်တို့၏အဘွား မန္တလေးမြို့နေ (ဦးစိုးဝင်း)၏ ချစ်လှစွာသောဇနီးဖြစ်သူသည် (၁-၁၀-၂၀၂၆) ရက် (ကြာသပတေးနေ့) နံနက်(၁:၀၀)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၂-၁၀-၂၀၂၆) ရက် (သောကြာနေ့) ညနေ(၄:၀၀) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ (၇-၁၀-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၇:၀၀)နာရီမှ (၁၀:၀၀)နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ ညနေ(၃:၀၀)နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ အထက-တောင်ကလေးကျောင်း(လ/ထ) မူလတန်းပြ ဒေါ်နန်းမာမာအေး ၃/ဘအန(နိုင်)၃၅၈၀၇၂ ၏ ဖခင်အမည် ဦးကာလီ(ခ) ဦးတာလီမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံမြို့နယ်၊ အထက (တောင်ကလေး)ကျောင်းမှ (လ/ထ)မူလတန်းပြ ဒေါ်သန်းသန်းဆွေ ၉/နထက(နိုင်) ၁၉၄၅၅၂ ၏ ဖခင်အမည်မှန်မှာ ဦးမောင်ငြိမ်း(ခ)ဦးငြိမ်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက် ၊ ယုဇနဥယျာဉ် မြို့တော်အိမ်ရာ ၊ အေ(၁၄)လမ်း၊ တိုက်အမှတ်(၁၁)၊ အခန်းအမှတ် (၀၀၄)ကို ဌာနနှင့်အကျိုးတူဆောင်ရွက်သော ယုဇနဆောက်လုပ်ရေးထံမှ ဦးမြင့်ဝင်း ၁၂/မဂတ(နိုင်)၀၁၉၃၆၁ က ဝယ်ယူခဲ့ပြီး ၎င်းထံမှ ဆက်စပ်စာချုပ်များဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးစိုးမင်းနိုင်၊ ၁၁/အမန(နိုင်)၀၅၂၅၉၉ က ယုဇနဆောက်လုပ်ရေးနှင့် ဦးမြင့်ဝင်းတို့ ချုပ်ဆိုထားသော စာချုပ်မူရင်းပျောက်ဆုံး ကြောင်း အထောက်အထားများတင်ပြပြီး ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ် ၃၀၄

| | | |
|---|---|---|
| ၁။ ဦးဝင်းချို | နှင့် | တကကလှမြင့် |
| ၂။ ဦးအောင်ကိုလင်း | | |
| တရားလိုများ | | တရားပြိုင် |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၁၁၃x၁၁၄ လမ်းကြား၊ ၆၈x၆၉ လမ်းကြား၊ အကွက်(ယ-၄/၁၈)နေ တကက လှမြင့်(ဘ)ဦးစံဖေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းချိုပါ(၂)ဦး က မန္တလေးမြို့(ယခင်)ပုသိမ်ကြီးမြို့နယ်၊ (ယခု)ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (ဠ-၃)၊ဦးပိုင်အမှတ် (၄၇)၊ဧရိယာ(၀.၀၅၁) ဧက အကျယ်အဝန်းရှိ တကကလှမြင့် အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ လ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အင်ကြင်းမှူး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဖြူးမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၄

| | | |
|---|---|---|
| ဒေါ်တင်မြင့် | နှင့် | ၁။ ဦးအေးနိုင် |
| | | ၂။ ဒေါ်ဇင်မာသန်း |
| တရားလို | | တရားပြိုင်များ |

ဖြူးမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ဦးရုံးစုရွာနေ ဦးကြည်စိုး၏သားဖြစ်သူ (၁)တရားပြိုင် ဦးအေးနိုင်နှင့် ဦးသန်းထိုက်၏သမီးဖြစ်သူ (၂)တရားပြိုင် ဒေါ်ဇင်မာသန်း(အတူနေလင်မယား) (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင်မြင့်က ယုံကြည်အပ်နှံ၍ ချေးယူထားသောငွေ(၃၅,၆၀၀,၀၀၀/-) ကျပ်နှင့် နစ်နာကြေးငွေ(၈,၅၄၄,၀၀၀/-)ကျပ်၊ စုစုပေါင်း (၄၄,၁၄၄,၀၀၀/-) ကျပ် ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်(၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မင်းမောင်မောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ဖြူးမြို့ နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 86W/33878 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၉-ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်ဆွန်ပက် ကွန်ဒိုမီနီယမ်၊ တိုက်အမှတ် (၆၀၈)၊ ၁၀-လွှာ 10-C တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါကွန်ဒိုတိုက်ခန်းကို ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင်အမည်ပေါက်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင် (၁၂/ပဘတ (နိုင်) ၀၁၂၂၂၅)မှ မိမိတစ်ဦးတည်းသာလျှင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန် ကွန်ဒိုတိုက်ခန်း တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်၏ ပိုင်ဆိုင်မှု ရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက် ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဥ်-၄၀၃၅) LLB, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဥ်-၅၈၂၇) B.Sc, Hon(IC), HGP, R.L, D.B.L.**
**ဦးရဲမြင့်ထွန်း LL.B (စဥ်-၂၀၂၃၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**HP: 09-5017044, 09-250674940**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ အဝိုင်းကျေးရွာ၊ ကွင်းအမှတ် (၆၅၂ ဃ)၊ ကွင်းအမည် (အဝိုင်းအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၂/၃)၊ အကျယ်အဝန်း (၂.၆၆)ဧကရှိ ဒေါ်ရင်ရင်ထွေး (၁၃/တကန(နိုင်) ၃၆၁၅၀၅)အမည်ပေါက် အထွေထွေစက်မှုလက်မှုလုပ်ငန်း မြေကွက်၊ ဦးပိုင်အမှတ် (၃/၃)၊ အကျယ်အဝန်း (၃.၈၀)ဧက ဒေါ်ထိန်လျှန် (၁၃/တကန (နိုင်) ၂၉၂၁၃၆) အမည်ပေါက် အထွေထွေစက်မှုလက်မှုလုပ်ငန်း မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များဖြစ်သော ဒေါ်ထိန်လျှန် နှင့် ဒေါ်ရင်ရင်ထွေး တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ထွန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်- ၁၂၀၃၅)**
**၀၉ - ၇၇၇ ၇၁၁ ၃၀၈**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၆/၂၊ ဝက်ကုန်းမြောက်)၊ ဦးပိုင်အမှတ်(၁၄၆/၂)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်သည် မူလက ဦးမိုဟာမဒ်ဆာယိဒ်၊ ဒေါ်စန်း စန်းဝင်း(၂)ဦး အမည်ဖြင့် (၂၂-၃-၂၀၅၂) ရက်အထိနှစ် (၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၂၇-၇-၂၀၂၆)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၇၄/၂၀၂၆)အရ ဒေါ်စကီနာ(ခ)သန်းသန်းဌေး ၁/မကန(နိုင်)၀၁၃၃၆၃ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်စကီနာ(ခ)သန်းသန်းဌေး အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့် ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မိခင်အမည်မှန်

ခနဖြူမြို့နယ်၊ အ.ထ.က (ခွဲ) သိမ်ကုန်း Grade-12 မှ မငြိမ်းငြိမ်းအေး၊ Grade-6 မှ မနဒီခိုင် တို့၏ မိခင်အမည်မှန်မှာ ဒေါ်စပယ်ဝင်း ၁၄/ခနဖ(နိုင်)၁၁၅၇၇၆၀ ဖြစ်ပါကြောင်း။

**ဒေါ်စပယ်ဝင်း**
**၁၄/ခနဖ(နိုင်)၁၁၅၇၇၆၀**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့၊ အထက(ရေကြည်) Grade-8 မှ မနှင်းဝင့်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးအုန်းလှိုင် ၁၄/လမန(နိုင်)၀၄၈၁၉၈ ဖြစ်ပါကြောင်း။

**ဦးအုန်းလှိုင်**

## ဖခင်အမည်မှန်

ကြံခင်းမြို့၊ အထက (စက်၊ စိုက်၊ မွေး) ချင်းမြောင် G-12 မှ မဆိုအောနီ အထက ဘက်ရဲ G-8 မှ မပြည့်မှူးစံတို့၏ ဖခင် ဦးအောင်ကျော်မင်း၏အမည်မှန်မှာ ဦးဖိုးထူး ၁၄/ကခန(နိုင်) ၀၆၈၉၄၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/20419, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/9309 + TLR/3104 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ဒုတိယမြောက်ရွှေတံဆိပ်ဆုကို မြန်မာ့လက်ရွေးစင် Esports အသင်းက ထပ်မံဆွတ်ခူးရရှိခဲ့ပြီး မြန်မာနိုင်ငံမှ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု စုစုပေါင်း ဆုတံဆိပ် လေးခုဖြင့် နိုင်ငံအလိုက် အဆင့်(၂၂)ဖြင့် ရပ်တည်



နေပြည်တော် အောက်တိုဘာ ၁

ဂျပန်နိုင်ငံ Aichi-Nagoya ၌ ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends : Bang Bang (MLBB) ပြိုင်ပွဲတွင် မြန်မာ Esports အသင်းမှ နည်းပြငါးဦးနှင့် အားကစားသမား ၁၇ ဦး စုစုပေါင်း ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ Esports အသင်းမှ အားကစားသမားများဖြစ်သည့် မောင်မျိုးမြင့်ကိုကိုကျော်၊ မောင်ဟိန်းထက်ဦး၊ မောင်ကျော်သူရ၊ မောင်ဟန်ထူးဆွေနှင့် မောင်ရှိုင်းလင်းအောင်တို့ ငါးဦးက အုပ်စုပတ်လည်အဆင့်ပွဲစဉ်များတွင် ကာဇက်စတန်အသင်း၊ တရုတ်(ဟောင်ကောင်)အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရာ နှစ်ပွဲပြတ်စီ အပြတ်အသတ်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်၍ ကွာတားဖိုင်နယ် ရှုံးထွက်အဆင့်ပွဲစဉ်တွင်

စာမျက်နှာ ၁၁ ကော်လံ ၁ ❑

## 3MA 11 ကိုယ်ခံပညာပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁

3MA 11 MMA ကိုယ်ခံပညာပေါင်းစုံ လက်ဝှေ့ပြိုင်ပွဲကြီးကို အောက်တိုဘာ ၄ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းရှိ 3MA Arena တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကြီးတွင် ခေါင်းပွဲစဉ်များအဖြစ် ၅၆ ကီလိုတန်းတွင် MMA ဖိုက်တာ ဇော်ဒူလာမရှိ (မြစ်ကြီးနား)နှင့် ရိုးရာလက်ဝှေ့ဖိုက်တာ လာဂဘောက်ထူး (ကရင်ပြည်နယ်)၊ ၅၇ ကီလိုတန်းတွင် ထိုင်း MMA ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသည့် ဆလိုင်းဂျွန်မွှာခ်နှင့် MMA ဖိုက်တာ မင်းမြတ်သူ (တောင်ဒဂုံ)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် ၅၅ ကီလိုတန်းတွင် မောင်ချေ(ပေါက်တော)နှင့် ဟိန်းစည်သူဦး(အမ်းမြို့)၊ ၅၇ ကီလိုတန်းတွင် လီဆူတိုင်းရင်းသား MMA ဖိုက်တာ တိုးလုံးနှင့် မြတ်မင်းသူ(ရောဝတီ)၊ ၅၂ ကီလိုတန်းတွင် မင်းခေါင်ကျော်ထင်နှင့် ကျားလေး၊ ၆၂ ကီလိုတန်းတွင် ပအိုဝ်းတိုင်းရင်းသား ခွန်စိုးမိုးနိုင်နှင့်

စာမျက်နှာ ၁၁ ကော်လံ ၄ ❍

## M League 2026 U20 ပြိုင်ပွဲ GALAXY အသင်းအနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၁

M League 2026 U20 ပြိုင်ပွဲ၏ ပွဲစဉ်(၁၇) တတိယနေ့ပွဲစဉ်အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ဗဟန်းကွင်း၌ GALAXY အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ GALAXY အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်သည် အမှတ်ပေးဇယား အဆင့်(၉)နေရာမှ GALAXY အသင်းနှင့် အဆင့်(၁၀) နေရာမှ

စာမျက်နှာ ၁၁ ကော်လံ ၄ ▲

## ယနေ့ သတင်းအညွှန်း


စိုက်ပျိုးရေးလုပ်ငန်းစုမှသည် ဖွံ့ဖြိုးရေးဆီသို့ ... ဆောင်းပါး စာ ၁၂

ကမ္ဘာ့ဘဏ်က သီရိလင်္ကာရှိ မုန်တိုင်းဒဏ်သင့် လမ်းများအတွက် ဒေါ်လာ သန်း ၁၁၀ ကူညီမည် နိုင်ငံတကာသတင်း စာ ၁၄

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ် ပြည်တွင်းသတင်း စာ ၁၇


## လက်ရှိကမ္ဘာ့ချန်ပီယံ ရီဘာကီနာ တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် ချာရာအဲဗာနှင့် ယှဉ်ပြိုင်ရမည်

လက်ရှိကမ္ဘာ့အဆင့် (၁) ကာဇက်စတန်တင်းနစ်မယ်အယ်လီနာ ရီဘာကီနာ(အောက်ပုံ)သည် တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် အာလီနာ ချာရာအဲဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ချာရာအဲဗာသည် တရုတ်အိုးပင်း ၁၂၈ ဦးအဆင့်တွင် ယူကရိန်းတင်းနစ်မယ် ယူလီယာကို အကြိတ်အနယ်

စာမျက်နှာ ၁၁ ကော်လံ ၄ ✳



## မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များကြောင့် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်

နေပြည်တော် အောက်တိုဘာ ၁

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ တပ်မတော် (ရေ)မှ တာဝန်ရှိသူများဦးဆောင်သည့် စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ စက်တင်ဘာလ ၂၄ ရက်နေ့တွင်ထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ မလေးရှားနိုင်ငံ၊

စာမျက်နှာ ၁၅ ကော်လံ ၁ ■



စစ်ရေယာဉ်(မုတ္တမ)၌ Walk Through Check Gate အသုံးပြုပြီး နေရပ်ပြန်ခရီးသည်များအား Body Check ပြုလုပ်ခြင်း။